# ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ စနေနေ့၊ (3-1-2015) (၈၀၇၄)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူ့အကျိုးကိုဖော်ဆောင်နိုင်မည့်ဥပဒေများ ပြဋ္ဌာန်းရမည်

ထားဝယ် ဇန်နဝါရီ ၂

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာလူထုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားတွင် သဘာပတိ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တောင်သူလယ်သမားကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းတင်ပြကြရာ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာလူထုတွေ့ဆုံပွဲသည် အခြားတိုင်းဒေသကြီးများတွင် ကျင်းပခဲ့သည့် တွေ့ဆုံပွဲများထက် ပိုမို၍ ထူးခြားသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့ကာလသည် လွန်ခဲ့သည့် နှစ်ပေါင်း(၅၀)နှင့် နှိုင်းယှဉ်ပါက ယနေ့အချိန်သည် ပါတီစုံဒီမိုကရေစီနှင့် ဒီမိုကရေစီ လူ့အခွင့်အရေးကိစ္စရပ်များကို အရရှိဆုံး အချိန်ဖြစ်ပါကြောင်း၊ ယင်းသို့ နိုင်ငံသားများအတွက် ထူးခြားစွာ ရရှိသည့်အခွင့်အရေးများကို ယနေ့တွေ့ဆုံပွဲကြီး၌ ထိရောက်စွာ အသုံးချနိုင်ခဲ့ပါကြောင်း။

ယနေ့တင်သွင်းခဲ့သည့် အဆိုများတွင် တောင်သူလယ်သမားဘဝ မြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေလုပ်သားများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ လယ်ယာမြေ ပြဿနာများကို ဥပဒေနှင့်အညီ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု လယ်ဝေးမြို့နယ်၌ ဘိုကိုးလုံး တံတားဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် ဘို့ကိုးလုံး တံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးငွေဝင်းနှင့်ဦးမှတ်ကြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ဘို့ကိုးလုံးတံတားသစ်အား နေပြည်တော်ကောင်စီဝင်ဦးမြင့်ဆွေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်တို့က တံတားသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စာမျက်နှာ ၁၂ ကော်လံ ၂ သို့** ❒

## လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

**နေပြည်တော် ဇန်နဝါရီ ၂**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**



## မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးထုလုပ်ရန် ကျောက်တော်ကြီး သီးကုန်းယာဉ်ရပ်နားစခန်း၌ ညအိပ်ရပ်နား

**မန္တလေး ဇန်နဝါရီ ၂**

မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ရန် ကျောက်တော်ကြီးကို သယ်ဆောင်လာသည့် ယာဉ်တန်းသည် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် စကားအင်းလမ်းအသုံးပြုခကောက်ခံရေးစခန်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း စတင်ထွက်ခွာလာရာ မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်းသို့ မွန်းတည့် ၁၂ နာရီတိတိတွင် ရောက်ရှိပြီး အဆိုပါနေရာတွင် ညအိပ်ရပ်နားမည်ဖြစ်သည်။

ကျောက်တော်ကြီး သယ်ဆောင်ရာ လမ်းခရီးတစ်လျှောက်တွင် ဦးရွှေလေး(အင်ဂျင်နီယာချုပ်)(တံတား) ဦးဆောင်သောအဖွဲ့၊ ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များနှင့် အမြန်လမ်းရဲတပ်ဖွဲ့ဝင်များက ခရီးစဉ်တစ်လျှောက်လုံးလိုက်ပါကာ လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ သီးကုန်းယာဉ်ရပ်နားစခန်းတွင် သာသနာရေးဝန်ကြီးဌာနမှ ဝတ်အဖွဲ့များ၊ မိတ္ထီလာမြို့မှ ဝတ်အဖွဲ့များက ဓမ္မစကြာပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ သီးကုန်းစခန်းရှိ စားသောက်ဆိုင်များမှ ကျောက်တော်ကြီးအား ဆီမီး၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်ခြင်းများဆောင်ရွက်ကြပြီး အနီးဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများနှင့် ခရီးသွားဧည့်သည်များက ကျောက်တော်ကြီးအား လာရောက်ဖူးမြော်ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ကျောက်တော်ကြီးကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**ကြေးမုံစာတည်းရှုထောင့်** ၃-၁-၂၀၁၅၊ စနေနေ့

# လွတ်လပ်သောမင်္ဂလာနှစ်သစ်

ခရစ်သက္ကရာဇ် ၂၀၁၄ ခု လွန်မြောက်၍ ၂၀၁၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်သစ်တွင် ပြည်သူပြည်သားအပေါင်းတို့ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေမည့် အကြောင်းရင်းခံများ စုံလင်နေပေပြီ။

၂၀၁၅ ခုနှစ် နှစ်သစ်ဦးကာလတွင် မင်္ဂလာအပေါင်းနှင့်ပြည့်စေကြောင်း ဆုမွန်ကောင်းများ ပို့သဆုတောင်းကြခြင်းဖြင့် မြန်မာတို့၏ ထုံးတမ်းစဉ်လာယဉ်ကျေးမှုမင်္ဂလာကို ပြသကြသည်။ ထိုသို့ဆုတောင်းမေတ္တာများဖြင့် ယခုနှစ်သည် ယခင်နှစ်နှင့်မတူ တမူထူးကဲပြီး မင်္ဂလာရှိသည့်နှစ် ဖြစ်နေလေပြီ။

နှစ်ဦးအစ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပမည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နှစ်ပေါင်း ၅၀ ကြာ ကင်းကွာခဲ့ရသော ဗိုလ်ရှုခံအခမ်းအနားကို ခမ်းနားကြီးကျယ်စွာ ထည့်သွင်းကျင်းပနိုင်တော့မည့်အကြောင်းလည်းပါဝင်သည်။ ခမ်းနားဂုဏ်ယူဖွယ်ရာ အဆိုပါ လွတ်လပ်ရေးအောင်ပွဲ ဗိုလ်ရှုခံအခမ်းအနား ပြန်လည်ကျင်းပကာ အစပြုမည်ဖြစ်၍ ၂၀၁၅ ခုနှစ်သည် ဂုဏ်ကျက်သရေ မင်္ဂလာခညောင်းသည့် နှစ်မြတ်ဟုဆိုချင်ပါသည်။

မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များတွင် လွတ်လပ်ရေးနေ့သည် မြန်မာတစ်နိုင်ငံလုံး၊ မြန်မာတိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် အဖိုးမဖြတ်နိုင်သော နေ့တစ်နေ့ဖြစ်သည်။ နှစ်ပေါင်း တစ်ရာကျော် တစ်ပါးလက်အောက်ခံ သူ့ကျွန်ဘဝမှ အနှောင်အဖွဲ့လွတ်ကင်းသော လူမျိုးတစ်မျိုးအဖြစ် လုံးဝလွတ်လပ်ခြင်းသို့ ရောက်ခဲ့သောနေ့တွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကရရှိခဲ့သောလွတ်လပ်ရေးကို ထူးကဲစွာအလေးအမြတ်ပြုထိုက်ပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။ နိုင်ငံတော်သမ္မတကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် အထိမ်းအမှတ် နိုင်ငံတော်အလံအောက်တွင် စုပေါင်းအလေးပြုကြခြင်းသည် ရရှိထားသော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်ဟု အဓိဋ္ဌာန်ပြုခြင်းလည်းမည်ပေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၆၇ နှစ်ရှိခဲ့ပြီဖြစ်သည်။ ထိုသို့နှစ်ပေါင်းကြာမြင့်လာသောအခါ လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အနှစ်သာရကို ခေတ်သစ်လူငယ်များ မေ့လျော့လောက်ပြီဟု ယူဆနိုင်သည်။ ယင်းသို့မေ့လျော့ခြင်းမရှိရလေအောင် ရရှိထားသော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းဖို့ တာဝန်ရှိသည့် အသိစိတ်ဓာတ်များ ဆက်လက်ပေးဝေရမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့တွင် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများအားလုံး နိုင်ငံ့အကြီးအကဲရှေ့မှောက်တွင် လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု သန္နိဋ္ဌာန်ပြုကြရပေမည်။ နိုင်ငံ့အကြီးအကဲနှင့် လွတ်လပ်သည့်နိုင်ငံဖြစ်သည်ကို ပြည်သူတစ်ရပ်လုံး၊ နိုင်ငံတကာ ကိုယ်စားလှယ်များအားလုံး၏ ရှေ့မှောက်တွင် ဝင့်ဝင့်ထည်ထည်ပြသခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

လွတ်လပ်ရေးအောင်ပွဲဟုခေါ်ဆိုရသည့် ထိုလွတ်လပ်ရေးနေ့ အခမ်းအနားသည် ပြည်သူတစ်ရပ်လုံးအတွက် ပျော်ရွှင်ဖွယ်ကောင်းသလို၊ ရဲစိတ်၊ ရဲမာန် မျိုးချစ်စိတ်များလည်း တိုးပွားစေမည်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များလည်း မြင့်မားလာနိုင်သလို ရရှိထားသော လွတ်လပ်ရေးကို ပိုမိုခိုင်မြဲအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည်ဟု စိတ်ဓာတ်ခွန်အားများ တိုးပွားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်သစ်အခါသမယသည် တမူထူးကဲသည့် နှစ်မြတ်ဟု ဆိုခြင်းဖြစ်ပေသည်။ ဒီမိုကရေစီခရီးလမ်းကြောင်းပေါ်တွင် ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်မည့် အနေအထားကောင်းများလည်း ရရှိနေပြီ။ ထိုခရီးလမ်းတွင် မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်ခင်မြတ်နိုးသောစိတ်၊ မိမိနိုင်ငံ၏ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြသနိုင်သည့် စိတ်ဓာတ်များ ပိုမိုတိုးတက်ဖြစ်စေနိုင်မည့် ခမ်းနားထည်ဝါပြီး ကြီးကျယ်မြင့်မြတ်သည့် ဗိုလ်ရှုခံအခမ်းအနားကြီးနှင့်ပါ တွဲဖက်ဖော်ထုတ်နိုင်တော့မည်ဖြစ်၍ လွတ်လပ်သော မင်္ဂလာနှစ်သစ်ဟု ဆိုချင်ပါသည်။ ။

## အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ယာယီ တစ်နှစ်ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်း(၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပသည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအစည်းအဝေး အမှတ်စဉ်(၆/၂၀၁၄)၏ ဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၁ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ယာယီ တစ်နှစ်အတွက် ထုတ်ပေးခဲ့သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များထုတ်ပေးပြီးသည့် အဖွဲ့စည်းများမှာ INGO အဖွဲ့အစည်း ခုနစ်ဖွဲ့၊ NGO အဖွဲ့အစည်း ၂၁ ဖွဲ့၊ သမဝါယမအဖွဲ့အစည်း ၇၇ ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက်အဖွဲ့အစည်း ၁၄ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီလီမိတက် အဖွဲ့အစည်း ၉၅ ဖွဲ့၊ အစုစပ်ကုမ္ပဏီလီမိတက်အဖွဲ့အစည်း တစ်ဖွဲ့၊ စုစုပေါင်းအဖွဲ့အစည်း ၂၁၅ ဖွဲ့ဖြစ်သည်။ ယာယီ တစ်နှစ်လုပ်ကိုင်ရန် ထပ်မံလိုင်စင်ထုတ်ပေးသည့် အဖွဲ့ အစည်းများမှာ ပြည်ပကုမ္ပဏီလီမိတက်အဖွဲ့အစည်း သုံးဖွဲ့နှင့် ပြည်တွင်းကုမ္ပဏီလီမိတက်အဖွဲ့အစည်း ရှစ်ဖွဲ့၊ စုစုပေါင်း အဖွဲ့အစည်း ၁၁ ဖွဲ့ဖြစ်သည်။

အသေးစား ငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများ၏ ဖွဲ့စည်းခြင်းဆိုင်ရာ ခိုင်မာမှု၊ အခြေခံလူတန်းစားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်းရေရှည်တည်တံ့ပြီး ကျေးလက်မြို့ပြများသို့ နှံ့စပ်စွာဆောင်ရွက်နိုင်မှုများဖြင့် စံနှုန်းများချမှတ်လျက် ရွေးချယ်ရေးမှုများဖြင့် စိစစ်လျက်ရှိသည်။

အသေးစား ငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီများနှင့်လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၀၅၀၀ | - | ၆၆၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၀၅၀၀ | - | ၆၆၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၈၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | =၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၃၇. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၈၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၂၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၂. ၃၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၇၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၄. ၁၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၁၇၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၃၇. ၅၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၃. ၂၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



## တိုင်းရင်းဆေးရုံဆောက်လုပ်ရန် မြေနေရာပေးအပ်လှူဒါန်း

**နောင်ချို ဇန်နဝါရီ ၂**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၌ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အားမာန်ခန်းမ၌ ကျင်းပရာ တိုင်းရင်းဆေးရုံ ဆောက်လုပ်မည့်မြေနေရာ ၂ ဒသမ ၄၀ ဧကအား အလှူရှင် ဦးကျော်အေးကို (ရွှေအုန်းပွင့်ကုမ္ပဏီ) မိသားစုမှ လှူဒါန်းရာ တိုင်းရင်းဆေးခန်းမှူး ကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က လက်ခံရယူကာ မြို့နယ် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌဦးရဲလင်းဦးက အလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းရင်းဆေးခန်းမှူး ဒေါ်ကြည်ကြည်မြင့်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




## ပြည်တွင်းရေးရာ



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ထားဝယ်မြို့၌ကျင်းပသည့် တောင်သူလယ်သမားရေးရာလူထုတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**❖ ပြည်သူများမှ**

အမြန်ဆုံးဖြေရှင်းပေးရေး ဆိုသည့် အချက်များပါဝင်ပါကြောင်း၊ မေးခွန်းများသည်လည်း အဆိုများနှင့် သက်ဆိုင်နေသည့် အချက်များပင် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကိုလည်း သုံးသပ်ဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ တောင်သူလယ်သမားများ ဘဝမြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြေရှင်းဆောင်ရွက်ပေးနိုင်မှသာ မိမိတို့နိုင်ငံကို နိမ့်ကျနေသည့်အဆင့်မှ ရုန်းထွက်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများဖြစ်ကြပြီး တောင်သူလယ်သမားကြီးများ၏ ဘဝမြင့်မားအောင် ပြည်ထောင်စုလွှတ်တော်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ ဥပဒေ၏ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပေါ်ထွက်လာပြီး ဥပဒေအသက်ဝင်လာပါက အဆိုတွင်ပါရှိသည့်အတိုင်း တောင်သူလယ်သမားများနှင့် ရေလုပ်သားများ ဘဝ မြင့်မားတိုးတက်ရေးကို ၉၀ ရာခိုင်နှုန်းကျော် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ဒုတိယသမ္မတဦးစီး၍ ပြည်ထောင်စုဝန်ကြီးများပါဝင်သော ဗဟိုအဖွဲ့ဖွဲ့စည်းပြီး ဥပဒေပါ အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မည်ဆိုသည့် ယခင်ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်အတိုင်း ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးသာမက တိုင်းဒေသကြီးအတွင်းလမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရန်ပုံငွေများတိုးမြှင့်ချထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးတို့ကို အားထားလုပ်ဆောင်ခဲ့ရာမှ စက်မှုလုပ်ငန်းများတွင်လည်း ပါဝင်ရင်းနှီးလုပ်ကိုင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအကောင်အထည်ပေါ်ပေါက်ပါက ဒေသခံပြည်သူများအနေဖြင့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စက်မှုဇုန်နှင့် ရေနက်ဆိပ်ကမ်းတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရမည့် ကဏ္ဍအသီးသီးအတွက် လူသားအရင်းအမြစ်တိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးတို့ကို ပြင်ဆင်ထားရမည့်အချိန်လည်း ဖြစ်ပါကြောင်း၊ သဘာဝအရင်းအမြစ်များ တိုးတက်ထုတ်လုပ်လာနိုင်သည်နှင့် အမျှ ခရီးသွားလုပ်ငန်းတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် အနာဂတ်တွင်ထူးခြားစွာ တိုးတက်လာနိုင်သည့် ဒေသဖြစ်၍ မည်သည့်အချက်များကြိုတင်ပြင်ဆင်ထားရမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ပြီး နိုးကြားတက်ကြွစွာ လုပ်ကိုင်ရန် လိုအပ်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးမှုရှိရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်များက ပြဋ္ဌာန်းထားသည့် ဥပဒေများအပါအဝင် တည်ဆဲဥပဒေများကို အားလုံး လိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ အစိုးရအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မှသာ တရားဥပဒေ စိုးမိုးမှုရှိမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီခေတ်ဖြစ်သည်နှင့်အညီ ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဥပဒေပြုနေခြင်းဖြစ်ပြီး တစ်ပါတီ၊ တစ်ဖွဲ့အတွက်မဟုတ်ကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်နိုင်မည့် ဥပဒေများပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ Treaty များနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူကို ဗဟိုပြုဆောင်ရွက်နေသည့်အတွက် အစိုးရ၊ လွှတ်တော်တို့နှင့်သာ ဆောင်ရွက်၍မရဘဲ ပြည်သူအားလုံးပါဝင်မှသာ အောင်မြင်မှုရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးသည် အခြားတိုင်းဒေသကြီးများထက် ထူးခြားသည့်အခြေအနေများကို ပိုင်ဆိုင်ထားသည့်အတွက် အခြားတိုင်းဒေသကြီးများထက် လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်မည့်အခြေအနေရှိကြောင်း၊ စာရင်းဇယားများအရလည်း လူတစ်ဦးချင်းဝင်ငွေသည် အခြားတိုင်းဒေသကြီးများထက် ပိုမိုကြောင်း၊ နောင်အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားသဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူများအနေဖြင့်ရရှိသည့် အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင်အသုံးချရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီး လွှတ်တော်တို့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရုံသာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု လွှတ်တော်နာယကသည် တက်ရောက်လာကြသော တောင်သူ လယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကွင်းအတွင်း ခင်းကျင်းပြသထားသည့် လယ်ယာသုံး စက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာပေးပြခန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်ပစ္စည်းပြခန်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂-၁-၂၀၁၅ ရက်ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုး ၇၂ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၆၁ ဦး ပေါင်းသက်တမ်းတိုး ၁၃၃ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် သုံးဦး၊ အထွေထွေထုတ်ဝေခွင့်ခြောက်ဦး ပေါင်း ပုံနှိပ်လုပ်ငန်းနှင့်ထုတ်ဝေခွင့် ၁၅၄ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က ဂျာနယ်အသစ်လျှောက်ထားသူ စိစစ်ဆဲ ခြောက်ဦးအနက် တစ်ဦးမှာ ဂျာနယ် Logo ပြောင်း၍ ပြန်လည်ပြင်ဆင်တင်ပြလာသဖြင့် ခွင့်ပြုပေးထားပြီးဖြစ်ပါသည်။ ယခုအပတ်တွင် တင်ပြသည့်အထဲမှ ဂျာနယ်ထုတ်ဝေခွင့်သက်တမ်းတိုးအတွက် အမည်နှင့်ပတ်သက်၍ စိစစ်ဆဲတစ်ဦး ဖြစ်ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၂၉၅ ဦးနှင့် အသစ်လျှောက်ထားသူ ၅၄ ဦးအားလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၃၀၆ ဦးနှင့် အသစ်လျှောက်ထားသူ ၂၀၀ အားလည်းကောင်း စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းအသိအမှတ်ပြုလက်မှတ် ၈၅၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦး၊ ဂျာနယ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦး၊ အထွေထွေထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **(ပြန်ကြားရေးဝန်ကြီးဌာန)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။




## အနောက်ဘက်ကမ်း အိမ်ရာဆောက်လုပ်ခြင်းကို ပြည်သူ့ဘဏ္ဍာငွေလွှဲပေးခြင်းသည် အလွဲသုံးစားဖြစ်သည်ဟု ဝန်ကြီးဟောင်းပြော

**ဂျေရုဆလင် ဇန်နဝါရီ ၂**

အစ္စရေးအစိုးရသည် လွန်ခဲ့သည့်လက အနောက်ဘက်ကမ်း၌ လူနေအခြေချ အိမ်ရာဆောက်လုပ်ခြင်းအတွက် ဒေါ်လာသန်း ဆယ်ဂဏန်း အလျင်အမြန် ခွဲဝေပေးခြင်းသည် အလွဲသုံးစားပြုလုပ်သည့် သဘောသက်ရောက်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဟောင်းက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘဏ္ဍာရေးဝန်ကြီးဟောင်း ယာအီယာလာပစ်က အနောက်ဘက်ကမ်းအခြေချမှုတွင် လျှို့ဝှက်နက်နဲသော ရည်ရွယ်ချက်ရှိသည်ဟု စွပ်စွဲသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက လာပစ်သည် သစ္စာမဲ့သူဖြစ်သည်ဟုဆိုကာ လွန်ခဲ့သည့်လတွင် ရာထူးမှ ထုတ်ပစ်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခြင်းကြောင့် ညွန့်ပေါင်းအစိုးရပြိုကွဲ၍ ရွေးကောက်ပွဲ စောစီးစွာ ခေါ်ယူခဲ့ရသည်။

၎င်းအား ထုတ်ပယ်ခြင်းမပြုမီ အခြားဝန်ကြီးများနှင့် နေတန်ယာဟုက အစည်းအဝေးတက်ရန် ၎င်းအား ခေါ်ယူခဲ့ပြီး ၎င်းတို့က အနောက်ဘက်ကမ်း လူနေအိမ်ရာ ဆောက်လုပ်ခြင်းအတွက် အစ္စရေးသုံးငွေရှက်ကဲလ်(ဒေါ်လာ ၇၆ သန်း)လွှဲပေးရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်ဟု လာပစ်က ပြောသည်။ ၎င်းက ယင်းသို့ လွှဲပြောင်းခြင်းကို တားဆီးရန် ကြိုးစားခဲ့ရာ ၎င်းကို ဝန်ကြီးရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **အေပီ။**



## ဂျပန်ကလေးမွေးဖွားနှုန်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိ

**တိုကျို ဇန်နဝါရီ ၂**

ဂျပန်ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ၂၀၁၄ ခုနှစ်တွင် ၂၀၁၃ ခုနှစ်ကထက် ၉၀၀၀ လျော့နည်းပြီး ၁၀၀၁၀၀၀ သာ မွေးဖွားခဲ့ရာ ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် ၂၀၁၄ ခုနှစ်တွင် စံချိန်တင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

မွေးဖွားနှုန်းကျဆင်းမှုသည် လေးနှစ်ဆက်တိုက် ကျဆင်းခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် သေဆုံးသူအရေအတွက်မှာလည်း မြင့်တက်လျက်ရှိရာ ၂၀၁၃ ခုနှစ်တွင် ဦးရေ ၁ ဒသမ ၃ သန်းအောက် လျော့နည်းသည်ဆိုရုံမျှဖြစ်သည်။

၂၀၅၀ ပြည့်နှစ်တွင် စုစုပေါင်း လူဦးရေ ၉၇ သန်းသာရှိမည်ဖြစ်ပြီး ယခုရှိသည့် ဦးရေထက် သန်း ၃၀ လျော့နည်းမည်ဟု ခန့်မှန်းပြောဆိုကြသည်။ ယင်းသို့ မွေးဖွားနှုန်းကျဆင်းခြင်းသည် ဂျပန်နိုင်ငံကို နည်းလမ်းပေါင်းစုံဖြင့် ဒုက္ခပေးမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သတိပေးသည်။

အသက်(၁၅)နှစ်မှ (၆၄)နှစ်အကြား လူဦးရေ လျော့နည်းလာခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လျော့နည်းစေမည့်အပြင် ဂျပန်နိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးကိုလည်း ကျဆင်းစေမည်ဟု ကြိုတင်ဟောကိန်းထုတ်သည်။ တစ်ဖန် ပင်စင်စနစ်နှင့် လူမှုသက်သာချောင်ချိရေး လုပ်ငန်းများကိုလည်း ထိခိုက်စေမည်ဖြစ်သည်။

ကလေးမွေးဖွားနိုင်သောအရွယ် အမျိုးသမီး အရေအတွက် ကျဆင်းလာသဖြင့် ကလေးအရေအတွက် ကျဆင်းလာမှုနှင့် မလွဲမသွေကြုံရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကျိုဒိုသတင်းဌာနက ကိုးကားဖော်ပြသည်။

ဂျပန်နိုင်ငံ၏ စုစုပေါင်း လူဦးရေကျဆင်းမှုမှာ တတိယနှစ်သို့ ရောက်ရှိလာပြီး သက်ကြီးရွယ်အိုအရေအတွက်သည် ပထမဆုံးအကြိမ်အဖြစ် ၂၅ ရာခိုင်နှုန်းအထိ ပါဝင်လာပြီဖြစ်ကြောင်း ဧပြီလတွင် ထုတ်ပြန်ခဲ့သော အစိုးရကိန်းဂဏန်းများတွင် ဖော်ပြသည်။

အသက်(၆၅)နှစ်နှင့် အထက်လူဦးရေ အချိုးသည် ၂၀၆၀ ပြည့်နှစ်တွင် စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းနီးပါးရှိလာမည်ဖြစ်ကြောင်း အစိုးရက သတိပေးထားသည်။

လူဦးရေ ကျဆင်းရခြင်းတွင် အကြောင်းရင်းအမျိုးမျိုးရှိရာ ကလေးမွေးဖွားစရိတ်နှင့် ကလေးပြုစုပျိုးထောင်စရိတ်ကြီးမြင့်လာခြင်း၊ အလုပ်လုပ်သော အမျိုးသမီးထုများပြားလာခြင်း၊ လက်ထပ်သည့် အရွယ်နောက်ကျလာခြင်း၊ အိမ်ထောင်မပြုသည့် အရေအတွက် တိုးပွားလာခြင်းနှင့် မိသားစုသဘာဝပတ်ဝန်းကျင်နှင့် လူမှုဓလေ့ထုံးစံများ ပြောင်းလဲလာခြင်းတို့ ပါဝင်သည်။ **ဘီဘီစီ။**

## သမ္မတပတ်ဂွန်ဟေးက ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပရန် ကုလသမဂ္ဂထံ အကူအညီတောင်း

**ဆိုးလ် ဇန်နဝါရီ ၂**

တောင်ကိုရီးယားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့အကြား အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲတစ်ရပ် ပြန်လည်ကျင်းပနိုင်ရေး အတွက် သမ္မတပတ်ဂွန်ဟေးက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ အကူအညီတောင်းခံခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ဖော်ပြထားသည်။

သမ္မတပတ်ဂွန်ဟေးနှင့် ဘန်ကီမွန်းတို့သည် ဖုန်းဖြင့်အပြန်အလှန် နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောဆိုရာတွင် သမ္မတပတ်ဂွန်ဟေးက အကူအညီပေးရန်တောင်းခံခဲ့ခြင်း ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးကဆိုသည်။

သမ္မတပတ်ဂွန်ဟေးအနေဖြင့် ကုလသမဂ္ဂနှင့် အတူပူးပေါင်းလုပ်ဆောင်နေသော ကိစ္စရပ်များဖြစ်သည့် ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေး၊ မြောက်ကိုရီးယားနိုင်ငံနျူကလီးယားကိစ္စရပ်ကိုဖြေရှင်းခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုများရှိလာစေရေးနှင့် မြောက်ကိုရီးယားပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် အထောက်အပံ့များပေးရေး စသည်တို့ကို လုပ်ဆောင်နိုင်ရန် ဘန်ကီမွန်း၏ထောက်ပံ့ပေးမှုများကို မျှော်လင့်စောင့်စားနေပါကြောင်း ပတ်ဂွန်ဟေးကပြောသည်။

ကိုရီးယားကျွန်းဆွယ်အရေး ဆွေးနွေးမှုများ တိုးတက်ကောင်းမွန်မှုရှိလာစေရန် ကုလသမဂ္ဂအကြီးအကဲတစ်ဦးအနေဖြင့် လိုအပ်သည့် အကူအညီများပေးမည်ဖြစ်ကြောင်း ဘန်ကီမွန်းက ပြန်လည်ပြောကြားခဲ့သည်။

လွန်ခဲ့သော တနင်္လာနေ့က တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီး ရိုးခေးလ်ဂျယ်က အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် မြောက်ကိုရီးယားနိုင်ငံအား ကမ်းလှမ်းချက်ထုတ်ပြန်ကြေညာသောအခါ ဘန်ကီမွန်းက ဆွေးနွေးပွဲအတွက် အထောက်အပံ့များပေးမည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

## စင်ကာပူရေပိုင်နက်တွင် သင်္ဘောနှစ်စင်း တိုက်မိ

**စင်ကာပူ ဇန်နဝါရီ ၂**

လစ်ဗျားမှတ်ပုံတင်ထားသည့် ဆီတင်သင်္ဘောတစ်စင်းနှင့် စင်ကာပူမှတ်ပုံတင်ထားသည့် ကုန်တင်သင်္ဘောတစ်စင်းတို့ ပတ်ဒရာဘရန်ကာ၏အရှေ့မြောက်ဘက် ရေမိုင် ၁၁ မိုင် နီးပါးကွာဝေးသည့် စင်ကာပူရေပိုင်နက်တွင် ဇန်နဝါရီ ၂ ရက် နံနက်က အပြင်းအထန် တိုက်မိခဲ့ကြောင်း စင်ကာပူရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့(MPA)က ပြောကြားသည်။

သင်္ဘောနှစ်စင်းမှာ နံနက် ၆ နာရီဝန်းကျင်တွင် တိုက်မိခဲ့ခြင်းဖြစ်ပြီး ကုန်တင်သင်္ဘောမှာ ပျက်စီးသွားကာ ရေနံစိမ်းယိုဖိတ်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ အခြေအနေအားအကဲဖြတ်ရန် ရဟတ်ယာဉ်တစ်စင်း စေလွှတ်ခဲ့ကြောင်း MPAက ထပ်လောင်းပြောကြားသည်။ ရေနံယိုဖိတ်မှု ဖြေရှင်းရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ပြီး မလက္ကာရေလက်ကြားနှင့် စင်ကာပူနိုင်ငံတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များဖြစ်သည့် ပူးတွဲရေနံယိုဖိတ်မှုတိုက်ဖျက်ရေးအစိတ်အပိုင်းအဖြစ် MPA က မလေးရှားနှင့် အင်ဒိုနီးရှားအာဏာပိုင်များထံ အကြောင်းကြားခဲ့သည်။

ယင်းသင်္ဘောနှစ်စင်းမှာ လက်ရှိတွင် ဘေးကင်းစွာဖြင့် ကျောက်ချထားပြီး အခြေအနေမှာ တည်ငြိမ်နေပြီဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူမရှိဘဲ ဆိပ်ကမ်းနှင့် စင်ကာပူရေလက်ကြား ကူးလူးသွားလာမှုကို ထိခိုက်မှုမရှိကြောင်း သိရသည်။ သင်္ဘောချင်းတိုက်မိရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ။**



## ကမ္ဘောဒီးယားမင်းသား တော်ဝင်ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်တာဝန်ယူမည်

**ဖနွမ်းပင် ဇန်နဝါရီ ၂**

ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်း မင်းသား နိုရိုဒွန် ရာနာရစ်သည် အာဏာသိမ်းမှုတစ်ခုကြောင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရကာ နိုင်ငံရေးပါတီမှ နုတ်ထွက်သွားပြီးနောက် ယခုအခါ နိုင်ငံရေးလောကသို့ တစ်ကျော့ပြန်ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

သက်တော် (၇၁)နှစ်ရှိပြီဖြစ်သည့် မင်းသား နိုရိုဒွန် ရာနာရစ်က မိမိအနေဖြင့် ဘုရင့်ဘက်တော်သား တော်ဝင်ပါတီတစ်ခုဖြစ်သည့် ဖန်ဆင်ပတ်ပါတီမှ ဥက္ကဋ္ဌနေရာတွင် ပြန်လည်တာဝန်ထမ်းဆောင်ရန် ဖိတ်ကြားချက်ကို လက်ခံရရှိထားပြီးဖြစ်ကြောင်း အေပီသတင်းဌာနသို့ပြောကြားခဲ့သည်။ ယင်းပါတီသည် ၂၀၀၆ ခုနှစ်က ရာနာရစ်ကို ထုတ်ပယ်ခဲ့သည့် ပါတီဖြစ်သည်။

ရာနာရစ်သည် ကွယ်လွန်သူ ဘုရင်နိုရိုဒွန် သီဟာနု၏ သားတစ်ဦးဖြစ်ပြီး ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂက ကမကထပြုကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ၎င်းဦးဆောင်သည့် ဖန်ဆင်ပတ်ပါတီ က အနိုင်ရရှိခဲ့သည်။ သို့သော် တွဲဖက်ဝန်ကြီးချုပ်အဖြစ်တာဝန်ယူခဲ့သည့် ပြိုင်ဘက်ပါတီဖြစ်သော ကမ္ဘောဒီးယားပြည်သူ့ပါတီဥက္ကဋ္ဌ ဟွန်ဆန်က ရာနာရစ်၏နေရာကို ဆက်ခံခဲ့သည်။ ဟွန်ဆန်က ၁၉၉၇ ခုနှစ်တွင် ရာနာရစ်ကို ဆန့်ကျင် အာဏာသိမ်းခဲ့သည်။

ရာနာရစ်နှင့် ဟွန်ဆန်တို့၏ ပြင်းပြင်းထန်ထန် သဘောကွဲလွဲမှုများကို ၂၀၁၈ အထွေထွေရွေးကောက်ပွဲတွင် ပြန်လည်မြင်တွေ့ရဖွယ်ရှိနေသည်။ **အေပီ။**

## နျူကလီးယားတည်ရှိမှုဆိုင်ရာစာရင်း အိန္ဒိယနှင့် ပါကစ္စတန် အပြန်အလှန်ဖလှယ်

**နယူးဒေလီ ဇန်နဝါရီ ၂**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံရှိ နျူကလီးယားဆိုင်ရာ စခန်းများ၊ စက်ရုံများ တည်ရှိမှုနှင့်သက်ဆိုင်နေသော စာရင်းကို ဇန်နဝါရီ ၁ ရက်တွင် အပြန်အလှန် ဖလှယ်ခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နျူကလီးယားစခန်းများနှင့် စက်ရုံများ တည်ရှိမှုဆိုင်ရာစာရင်းဖလှယ်မှုကို အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီနှင့် ပါကစ္စတန် နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်တို့တွင် သံတမန်ရေးနည်းလမ်းအရ တစ်ချိန်တည်း ပြုလုပ်ခဲ့ကြကြောင်း၊ ၁၉၈၂ ခုနှစ်တွင် ရရှိခဲ့သော နှစ်နိုင်ငံ သဘောတူညီချက်အရ နျူကလီးယားဆိုင်ရာ စခန်းများနှင့် စက်ရုံများ တည်ရှိမှုနှင့်ပတ်သက်၍ အပြန်အလှန် သတင်းအချက်အလက်များ ဖလှယ်ခြင်းဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လွန်ခဲ့သည့် နှစ် ၂၀ ခန့်က အိန္ဒိယနှင့် ပါကစ္စတန် ရရှိခဲ့သည့် သဘောတူစာချုပ်အရ နျူကလီးယားဆိုင်ရာ စခန်းများနှင့် စက်ရုံများ တည်ရှိမှုစာရင်းကို နှစ်စဉ် အပြန်အလှန် ဖလှယ်ကြရသည်။

နျူကလီးယား လက်နက်ပိုင်ဆိုင်သော အိန္ဒိယနှင့် ပါကစ္စတန်တို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကာလအတွင်း ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသအရေးနှင့် ပတ်သက်၍ စစ်ပွဲသုံးကြိမ် ဆင်နွှဲခဲ့ကြဖူးသည်။

**ဆင်ဟွာ။**



# မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပညာရေးဆိုင်ရာ ပြခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးကာ ထူးချွန်ဆုရဆရာများနှင့် ကျောင်းသား ကျောင်းသူများကို ဆုများအသီးသီးချီးမြှင့်သည်။

ဆုချီးမြှင့်ရာတွင် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးအဆင့် ပထမဆုရရှိသော ကျောင်းသား ကျောင်းသူ သုံးဦး၊ ကျောင်းလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုနှင့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆုရရှိသည့် ကျောင်းအုပ်ကြီးများ၊ ပညာတန်ဆောင်ထူးချွန်ဆရာဆု တိုင်းဒေသကြီးအဆင့်ဆုရရှိသည့် ဆရာ ဆရာမ ကိုးဦးအား ဆုများ ချီးမြှင့်သည်။

ထို့နောက် (၄၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ တိုင်းဒေသကြီးအဆင့် ဆုများ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုများ၊ တိုင်းဒေသကြီးအဆင့် အင်္ဂလိပ်စာ၊ သင်္ချာ ဘာသာရပ်များတွင် ဆုရရှိသူများ၊ National ICT Award 2014 ပြိုင်ပွဲ ဆုရရှိသူများ၊ ပညာတန်ဆောင် ဆောင်းပါးပြိုင်ပွဲဆုရရှိသော ဆရာမများအား ဆုများအသီးသီးချီးမြှင့်ပြီး ပညာရေးစုံညီပွဲတော်သို့ အလှူငွေများ ပေးလှူသည့် ကိုယ်ပိုင်ကျောင်းများသို့ ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

အခမ်းအနားတွင် ကျောင်းသူများ၏ ကဗျာလွတ်အက၊ ပန်းဖွားအက၊ အေရိုးဗစ်အက၊ ကာယလေ့ကျင့်ခန်း၊ ဝူရှူးကကွက်များနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၅၀တို့၏ ထာဝရမြန်မာသီချင်းတို့ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပိုလ်ရှုခံအခမ်းအနားအတွက် လေ့ကျင့်နေသော သူနာပြု/သားဖွားသင်တန်းသူများအား ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး တွေ့ဆုံအားပေး

**နေပြည်တော် ဇန်နဝါရီ ၂**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်အားကစားရွာ၌ ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့ ပိုလ်ရှုခံအခမ်းအနားအတွက် လေ့ကျင့်နေသော သူနာပြု/ သားဖွားသင်တန်းသူများအား သွားရောက်တွေ့ဆုံအားပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သူနာပြုနှင့်သားဖွားများကိုယ်စား မိတ္ထီလာနှင့်တောင်ငူသူနာပြု/သားဖွားသင်တန်းသူ ၁၈၀ တို့သည် နေပြည်တော် အားကစားရွာ၌ပိုလ်ရှုခံအခမ်းအနားအတွက် လေ့ကျင့်နေကြရာ အဆိုပါ သင်တန်းသူများအား ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက တွေ့ဆုံပြီး မြန်မာ့လွတ်လပ်ရေးနှင့်အတူ ရှင်သန်မွေးဖွားလာခဲ့သော၊ မြန်မာတစ်မျိုးသားလုံး အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သော၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစေသည့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားစေသော ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် လွတ်လပ်ရေးနေ့ ပိုလ်ရှုခံအခမ်းအနားတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တက်ကြွစွာပါဝင်ဆင်နွှဲကြရန်နှင့် အစားအသောက်၊ အနေအထိုင်နှင့် ကျန်းမာရေးများဂရုစိုက်ရန်၊ သတ်မှတ်ထားသော စည်းကမ်းအတိုင်း နေထိုင်လေ့ကျင့်ဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



နိုင်ငံကြီးသားပီသစွာ အခွန်ထမ်းဆောင်တာ
စားသုံးပြီးက ပြေစာဖြတ် အခွန်ပါပြီးမှတ်



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနငယ်/သင်တန်းကျောင်း ၁၁ ကျောင်းမှ သင်တန်းသား သင်တန်းသူများ၏ စုပေါင်းပဒေသာကပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီက လူမှုဝန်ထမ်းဦးစီးဌာန မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်အမျိုးသမီးများသင်တန်းကျောင်း(မလိခ)၌ ကျင်းပရာ ဒို့ပြည်ထောင်စု တေးသရုပ်ဖော်ဖြင့် ကပြဖျော်ဖြေစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

Win & San Diamonds and Fine Jewelry

Show Room (1) Ph : 502977, 504679, 526257, 09-500-6686, 09-506-2773

Show Room (2) Ph : 8600111 (Ext - 1027), 09-500-6683

# လွတ်လပ်ရေး၏ အရသာ

ဉာဏ်ထွန်း(ILBC,Mandalay)

**ချစ်သား. .**
**ရွှင်လန်းချမ်းမြေ့ပါစေ. .**

ဖေဖေ သတိရစွာဖြင့်စာရေးလိုက်ပါတယ်။ ဖေဖေ စာရေးချိန်နဲ့ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နီးကပ်လာတာနဲ့ တိုက်ဆိုင်နေလို့ တို့အဘိုးအဘွားတွေ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမတစ်တွေရဲ့ အသက်၊ သွေး၊ ချွေးပေါင်းများစွာဖြင့် ရင်းနှီးရယူပေးခဲ့တဲ့ လွတ်လပ်ရေးနေ့ထူးနေ့မြတ်အကြောင်း ပြောချင်တယ်။

အဲဒီအချိန်က မြန်မာတစ်နိုင်ငံလုံးမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတစ်တွေဟာ သူ့ကျွန်ဘဝက လွတ်မြောက်လိုတဲ့ တူညီတဲ့ဆန္ဒနဲ့ အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်ပြီး မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့တယ်။

ဖေဖေတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ဟာ "အရေးကြုံလျှင် သွေးဆုံကြမြဲ"မို့ ပြည်နယ်ပြည်မ၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ သွေးစည်းညီညွတ်ကာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ တိုက်ပွဲဝင်ခဲ့ကြတယ်။

ဖေဖေတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမတစ်တွေရဲ့ မဆုတ်မနစ်တဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သူရသတ္တိတွေကြောင့် နှစ်ပေါင်းရာကျော်စွန့်လွှတ်ခဲ့ရတဲ့ လွတ်လပ်ရေးကို လက်ဝယ်ပိုင်ဆိုင်ပြန်လည်ရရှိခဲ့ခြင်းဖြစ်တယ်။

**၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ မှာ ဖေဖေတို့ဟာ သူ့ကျွန်ဘဝက လွတ်မြောက်ပြီဖြစ်လို့ နယ်ချဲ့တို့ရဲ့ ယူနီယံဂျက်အလံကိုဖြုတ်ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်လွှင့်ထူနိုင်ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာလည်း လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပခဲ့တာ ခြိမ့်ခြိမ့်သဲသဲပေါ့။**

ဝမ်းသာစရာ၊ ကြည်နူးစရာ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် တက်ကြွစရာပါပဲ။

အဲဒီနေ့၊ အဲဒီရက်၊ အဲဒီအချိန်ကစပြီး မြန်မာတစ်နိုင်ငံလုံးမှာ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးအောင်ပွဲတွေ ကျင်းပခဲ့တယ်။ လွတ်လပ်ရေးနေ့ရောက်တိုင်း လူကြီးတွေက နိုင်ငံတော်အလံကို တရိုတသေ အလေးပြုကြတယ်။ ဖေဖေတို့ကလေးတွေကလည်း လူကြီးတွေလုပ်တဲ့အတိုင်း နိုင်ငံတော်အလံကို ရိုသေစွာ အလေးပြုဦးညွှတ်ခဲ့တယ်။

ဖေဖေတို့ကလေးတွေက အပြေးပြိုင်ပွဲ၊ ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပွဲတွေနဲ့ ပျော်လို့ရွှင်လို့ ဝမ်းသာလို့ပေါ့။ ညကျတော့လည်း အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ မော်ကွန်းရုပ်ရှင်တို့ သွားကြည့်လိုက်သေးတယ်။ ဖေဖေတို့စိတ်ထဲမှာ လွတ်လပ်ခြင်း၊ အနှောင်အဖွဲ့ကင်းခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းသာခြင်းတွေနဲ့ ရင်ထဲမှာလည်း ကြည်နူးခြင်းတွေနဲ့ ပြည့်သိပ်နေတယ်။

**လွတ်လပ်ရေးနေ့ဆိုတာ ဒါမျိုးပါလားလို့ တွေးမိခဲ့တယ်။ လွတ်လပ်ရေးရဲ့ အနှစ်သာရ၊ အရသာ၊ လွတ်လပ်ခြင်းရဲ့အဓိပ္ပာယ်တို့ကို ကောင်းကောင်းသဘောမပေါက်သေးဘူး။ ကျောင်းတွေမှာလည်း လွတ်လပ်ရေးနေ့ ဟောပြောပွဲတွေပြုလုပ်ကြတယ်။ ဖေဖေတို့ ကျောင်းသားကျောင်းသူလေးတွေကို ဆရာ ဆရာမတွေက ဟောပြောခဲ့တယ်။ ဖေဖေတို့က ငယ်သေးတော့ ကောင်းကောင်းနားလည်သဘောမပေါက်သေးဘူး။**

တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံးက နယ်ချဲ့ဖက်ဆစ်တွေကို တိုက်ထုတ်လိုက်ပြီး နယ်ချဲ့ကိုလိုနီကိုလည်း မောင်းထုတ်လိုက်ပြီ။ ကျွန်ဘဝက လွတ်မြောက်ပြီ။ တို့နိုင်ငံ လွတ်လပ်ရေးရပြီဆိုတာတွေလောက်ပဲ ဖေဖေတို့ နားလည်သဘောပေါက်ခဲ့တယ်။ သိတာတစ်ခုက လွတ်လပ်ရေးနေ့ကြောင့် ဖေဖေတို့ ပျော်ရွှင်စွာကစားရတယ်။ ပျော်ပွဲရွှင်ပွဲ ဇာတ်ပွဲတွေကြည့်ရတယ်။ ဒီလောက်အထိပဲ အသိတရားရှိခဲ့သေးတယ်။ ဖေဖေ အလယ်တန်း၊ အထက်တန်းပညာသင်တဲ့အခါ မြန်မာ့သမိုင်းကို ဖတ်ခဲ့တယ်။ လေ့လာခဲ့တယ်။ ဒီတော့မှ လွတ်လပ်ခြင်းရဲ့ အနှစ်သာရ၊ အရသာ၊ အဓိပ္ပာယ်တို့ကို ကောင်းကောင်းနားလည်သဘောပေါက်ခဲ့တယ်။

## အေးအေးချမ်းချမ်းနေနိုင်၊ သွားနိုင်၊ စီးပွားရှာနိုင်၊ ပညာသင်နိုင်၊ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်တာဟာ အေးချမ်းသာယာခြင်း၊ ငြိမ်းချမ်းခြင်းတို့ရဲ့ အရသာတွေပေါ့။

ကိုယ့်နိုင်ငံကို ကိုယ့်လူမျိုးတွေက အုပ်ချုပ်ခြင်းဟာ လွတ်လပ်ခြင်းပဲပေါ့။ သား. . ဖေဖေတို့ဆီမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ညှိနှိုင်းတိုင်ပင်ရေးဆွဲထားတဲ့ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရှိတယ်။ တိုင်းရင်းသားပြည်သူတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ခိုင်မာတဲ့ မြန်မာ့တပ်မတော်ကြီးရှိတယ်။

အုပ်ချုပ်သူကလည်း ကိုယ့်လူမျိုး၊ အုပ်ချုပ်ခံပြည်သူတွေကလည်း ကိုယ့်တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အေးအေးချမ်းချမ်း အတူလက်တွဲပြီး နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နေကြတာ ဘယ်လောက်နှစ်သက်စရာကောင်းသလဲ။

စီးပွားရေး၊ ပညာရေး၊ သာသနာရေး၊ စာပေ၊ အနုပညာတွေဘက်မှာလည်း လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်ခဲ့တယ်။ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ စည်းကမ်းဥပဒေနဲ့အညီ တရားဥပဒေဘောင်အတွင်းကနေ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြတယ်။

သူ့ကျွန်ဘဝရောက်ခဲ့စဉ်ကာလက နယ်ချဲ့ဖိနှိပ်ချုပ်ချယ်မှုကွန်ရက်ထဲက လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေ နစ်မြုပ်ခဲ့ရတယ်။ မြန်မာတိုင်းရင်းသားတွေ ကျီးလန့်စာစားသဘောမျိုး သွားလာနေထိုင်လှုပ်ရှားနေကြရတယ်။ ဖိနှိပ်ချုပ်ချယ်မှုဒဏ်ပြင်းထန်လွန်းလို့ သူတို့ကိုမြင်တွေ့တာနဲ့ ခပ်ဝေးဝေး ရှောင်ပြေးနေကြရတယ် သား. . .။

ဒီလိုဆန့်ကျင်ဘက် အကျိုးတရားတွေ ခံစားသိမြင်လာတော့မှ ဩော်. . . လွတ်လပ်ရေးဆိုတာ ဒီလိုအရသာမျိုးပါလားလို့ ထင်ထင်ရှားရှားသိလာခဲ့တယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစပြီး လွတ်လပ်ရေးရဲ့ အရသာကို ဖေဖေတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေခံစားလာခဲ့တာ သားတို့ခေတ်ထိ နှစ်ပေါင်း(၆၇)နှစ်တောင်ပြည့်တော့မယ်။

အခု. . . သားတို့ခေတ်ရဲ့ လွတ်လပ်ရေးအရသာကို ခံစားကြည့်ပါဦး။ ဒီမိုကရေစီလမ်းမကြီးပေါ်ကိုရောက်နေကြပြီလေ။ မဝေးတဲ့အနာဂတ်မှာ တို့နိုင်ငံ၊ တို့တစ်တွေအားလုံးတောင့်တမျှော်လင့်နေကြတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာတော့မယ်လေ။

တို့အခုရရှိနေတဲ့ ဒီမိုကရေစီက အစပဲရှိပါသေးတယ်။ ခုမှလမ်းလျှောက်သင်ခါစအရွယ်လို့ဆိုရမှာပေါ့။ တို့တွေအားလုံး တူညီတဲ့ရည်ရွယ်ချက်၊ မှန်ကန်တဲ့မျှော်မှန်းချက်၊ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးအတွက် ကောင်းမွန်တဲ့ ခံယူချက်တွေနဲ့ လမ်းလျှောက်တတ်စ ဒီမိုကရေစီကလေးငယ်ကို လမ်းကြောင်းမှန်မှန်၊ မြန်မြန်သွက်သွက် လျှောက်လှမ်းနိုင်ဖို့ ဝိုင်းဝန်းခြံရံစောင့်ရှောက်ပြီး စုပေါင်းလက်တွဲခေါ်မှ ဒီမိုကရေစီပန်းတိုင်ကိုရောက်မှာ။ ဒီမိုကရေစီလိုချင်သူတိုင်း စည်းကမ်းလိုက်နာပြီး နိုင်ငံကြီးသားပီသကြရမယ်။ ဒီမိုကရေစီရဲ့အရသာက တကယ်ချိုမြိန်သလို ပေးဆပ်စောင့်ထိန်းရမယ့် စည်းကမ်းတွေကလည်း တကယ်များတယ်နော်။ ကောင်းတာလိုချင်က တန်ရာတန်ဖိုး ပြန်လည်ပေးဆပ်ကြရတယ်။

**အခုလည်း ဒီမိုကရေစီအရသာ၊ လွတ်လပ်ရေးရဲ့ အရသာခံစားနေရပြီလို့ ဖေဖေပြောချင်တယ်။ စီးပွားရေးဆိုတံခါးဖွင့်စီးပွားရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေတယ်။ ပညာရေးကဏ္ဍမှာလည်း ကမ္ဘာ့အဆင့်အတန်းမီ ပညာရေးစနစ်။ ဘာသာရေးကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်နိုင်တယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ အမျိုးသားရေးလက္ခဏာတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေတယ်။ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ လုပ်ကိုင်ခွင့်တွေလည်းရနေတယ်။ မျိုးဆက်သစ်လူငယ်တွေကိုလည်း ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်ပေးနေတယ်။ ဘယ်ခေတ်ကမှမရှိခဲ့ဖူးတဲ့ နိုင်ငံတော်သမ္မတရဲ့ နိုင်ငံခြားပညာသင်ဆုတွေပေးနေပြီလေ။ ပြောရရင်တော့ မကုန်နိုင်အောင်ပါဘဲကွယ်။ ဖေဖေတို့၊ သားတို့အပါအဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး မိမိတို့ပိုင် အိုးအိမ်၊ တိုက်တာတွေထဲမှာ မပူမပင် သောကကင်းစွာနဲ့ အနားယူအိပ်စက်နိုင်နေပြီ။ ကြည့်လိုက်ဦးသား နေ့နေ့ညည၊ လမ်းမကြီးတွေပေါ်မှာ လူမျိုးစုံ၊ အလွှာစုံ၊ ယောကျ်ားမိန်းမမခွဲခြားဘဲ အေးချမ်းစွာ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနေကြတာဟာ လွတ်လပ်ခြင်းပဲမဟုတ်လား။ ဒါတွေဟာ သားတို့ခေတ်ရဲ့ လွတ်လပ်ရေးအရသာ၊ လွတ်လပ်ရေးအနှစ်သာရတွေပဲပေါ့။**

အေးအေးချမ်းချမ်းနေနိုင်၊ သွားနိုင်၊ စီးပွားရှာနိုင်၊ ပညာသင်နိုင်၊ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်တာဟာ အေးချမ်းသာယာခြင်း၊ ငြိမ်းချမ်းခြင်းတို့ရဲ့ အရသာတွေပေါ့။ တစ်နည်းဆိုရရင် လွတ်လပ်ရေးရဲ့အနှစ်သာရတွေပေါ့။ အုပ်ချုပ်သူအားလုံးနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး အေးအတူ ပူအမျှ အတူတကွ လက်တွဲနေထိုင်ကြလို့ပေါ့။

ဖေဖေတို့အခုလို အေးအေးလူလူနေနိုင်အောင် ဟိုး. . . လွန်ခဲ့တဲ့ နှစ်ပေါင်း(၆၇)နှစ်ကျော်ကာလက အသက်၊ သွေး၊ ချွေးပေါင်းများစွာနဲ့ လွတ်လပ်ရေးကို ရယူပေးခဲ့ကြတဲ့ တိုင်းရင်းသားအာဇာနည် နိုင်ငံ့ခေါင်းဆောင်တွေအားလုံးနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးကို ကျေးဇူးတင်ရမှာပေါ့၊ ကျေးဇူးဆပ်ရမှာပေါ့။ ကျေးဇူးတင်စရာတွေပါပဲ။

ကဲ. . . ဘယ်လိုကျေးဇူးပြန်ဆပ်ကြမှာလဲ။ လွတ်လပ်ရေးကို အသက်နဲ့လဲပြီးကာကွယ်ရမယ်။ တို့လွတ်လပ်ရေးကို တို့. . . ချစ်မြတ်နိုးရမယ်။ အရေးကြီးက တို့တိုင်းရင်းသားတွေ သွေးစည်းကြရမယ်။ အရေးကြုံက တို့တိုင်းရင်းသားတွေ သွေးဆုံကြရမယ်။ ခိုင်ခိုင်မြဲမြဲ တို့လက်တွဲလို့ ဒီမိုကရေစီလမ်းမကြီးပေါ် လျှောက်ကြမယ်။ ဒါတွေဟာ လွတ်လပ်ရေးရဲ့ အရသာကို ခံစားခြင်းနဲ့အတူ ပြန်လည်ပေးဆပ်ရမယ့် တို့အားလုံးရဲ့တာဝန်တွေပဲပေါ့။

**သားမောင်အနေနဲ့လည်း လွတ်လပ်ရေးရဲ့အရသာကို မှန်မှန်ကန်ကန်သိရှိပြီး နိုင်ငံအတွက် တာဝန်ကျေတဲ့၊ တာဝန်သိတဲ့ နိုင်ငံ့သားကောင်းဖြစ်ဖို့ ဖေဖေတိုက်တွန်းလိုက်ပါတယ်။ ။**


## ၂၀၁၅ လွတ်လပ်ရေးနေ့ ပိုလ်ရှုသဘင်ဖိတ်ခေါ်သံ

ဆန်းပြာသို လအကွေးမှာ၊
ပန်းခွာညို အလှမွှေးပါဘိ၊
ညအအေးပိုတဲ့ခါ။
မကာရတိထီမှာ၊
မိဂသီ စန်းယှဉ်ရက်ပေမို့၊
ဖျန်းဝင်သက် မြောက်ပြန်လေလာ၊
ကောက်နံ့တွေ ရွှေအဆင်းလို၊
ဝင်းလဲ့လဲ့ဝါ။
ရည်စူးကာ ကောက်သစ်ဆွမ်းကိုလ
ကြည်နူးစရာ ရောက်နှစ်ဆန်းမှာ
လှူဒါန်းကြ မျိုးမြန်မာ၊
ဖြိုးသဒ္ဒါလွှန်ပွင့်လန်း။ ။
ထွတ်မြတ်ဆဲပါ၊
လွတ်လပ်ပွဲ သည်ခါမှန်မို့၊
ညီလာခံ ပိုလ်ရှုပွဲကို၊
ဆင်နွှဲမှာ ဘောဟီဆော်လို့
နေပြည်တော် ဘမရာနန်းကို
လှမ်းကြွခဲ့စမ်း။ ။
(urmunf)






# ရင်းနှီးသောမိတ်ဆွေနိုင်ငံများဖြစ်ပြီး နီးကပ်သောဆက်ဆံရေးများရှိ၍ အနာဂတ်တွင် ပိုမိုခိုင်မာကောင်းမွန်မည်ဟု ယုံကြည်



**နေပြည်တော်　ဇန်နဝါရီ　၂**

နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးမှာ (၆၅)နှစ်ခန့် ရှိခဲ့၍ ကောင်းမွန်ရှည်လျားသော သမိုင်းကြောင်းဆက်ဆံရေးရှိခဲ့ပါကြောင်း၊ ရင်းနှီးသော မိတ်ဆွေနိုင်ငံများဖြစ်ပြီး နီးကပ်သောဆက်ဆံရေးများရှိ၍ အနာဂတ်တွင် ပိုမိုခိုင်မာကောင်းမွန်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်စိတ်တစ်ဒေသ အကူအညီပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆားဗီးယားနိုင်ငံ၏ နည်းပညာမြင့်မားမှုဖြင့် စီးပွားရေး နယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိကြောင်း၊ ဆားဗီးယားနိုင်ငံအနေဖြင့် ရှိရင်းစွဲဖွံ့ဖြိုးတိုးတက်မှုထက် ပိုမိုတိုးတက် အောင်မြင်စေရေး နှစ်သစ်အခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Miodrag Nikolin အား လက်ခံတွေ့ဆုံရာတွင် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဆားဗီးယားနိုင်ငံသံအမတ်ကြီးက နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေသော စစ်ဘက်နှင့် စီးပွားရေးနယ်ပယ်အသီးသီးတို့တွင် ဆက်ဆံရေးကောင်းများရှိခဲ့ပါကြောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်၍ နယ်ပယ်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ဆားဗီးယားအစိုးရက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၏ တိုးတက်ဆောင်ရွက်မှုများအပေါ် အားပေးထောက်ခံပါကြောင်းကို နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားအဖြစ် ပါးလိုက်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆားဗီးယားနိုင်ငံသည် ယူဂိုဆလားဗီးယားပြည်ထောင်စုမှ ပြည်နယ်အသီးသီးခွဲထွက်ကာ သီးခြားနိုင်ငံဖြစ်သွားသည့် နိုင်ငံ ခြောက်နိုင်ငံမှ ယူဂိုဆလားဗီးယားပြည်ထောင်စုကို ဆက်ခံသည့်နိုင်ငံဖြစ်သည်။ မြန်မာ-ယူဂိုဆလားဗီးယား သံတမန်ဆက်ဆံရေးသည် ၁၉၅၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံ မြို့တော်များတွင် ရုံးစိုက်၍ သံရုံးများဖွင့်လှစ်ထားသည်။ မြန်မာနိုင်ငံနှင့် စီးပွားရေး၊ စစ်ဘက်အဆက်အဆံများရှိခဲ့ပြီး ရထားစက်ခေါင်း၊ စစ်လက်နက်ပစ္စည်းအချို့နှင့် သင်္ဘောကျင်းလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း သိရသည်။ **(မြဝတီ)**



**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေ တွင်းသစ်အမှတ်(၁၁၉၅) အောင်မြင်စွာ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)**

## မကွေးတိုင်းဒေသကြီး ချောက်ရေနံမြေတွင်းသစ် အောင်မြင်စွာတူးဖော်ထုတ်လုပ်

**နေပြည်တော်　ဇန်နဝါရီ　၂**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂ ရက် နံနက်က ချောက်ရေနံမြေရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Gold Petrol ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွင်းတူးဖော်ထုတ်လုပ်နေကြသော ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြား၍ ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေနံတွင်းအမှတ် (၁၁၉၅) ၏ ထုတ်လုပ်မှုအခြေနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**❋ ရှမ်းပြည်နယ်မှ**

စီတန်းလှည့်လည်၍ စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်ရာတွင် ပြည်တွင်းငြိမ်းချမ်းရေးကို အစိုးရက အောင်မြင်သည်အထိ ဖော်ဆောင်ပေးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကို အစိုးရက အမြန်ဆုံး ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားများအရေး အစိုးရက ဦးဆောင်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် တိုင်းရင်းသားအားလုံးပါဝင်ရေး၊ ခြောက်ပွင့်ဆိုင် အလိုမရှိ၊ တောင်းဆိုချက်များ အမြန်ဆုံး အကောင်အထည်ဖော်ပေးရေးတို့ကို နိုင်ငံတော်အစိုးရသို့ အသိပေးလိုသည့်အတွက် သက်ဆိုင်ရာ၏ ကြိုတင်ခွင့်ပြုချက်ရယူကာ ယခုကဲ့သို့ မြို့တွင်း လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၊ မြို့မရပ်ကွက်တွင် ဦးအောင်စိုးမင်းနှင့် ဦးအေးမြင့်ကျော်တို့ ဦးဆောင်၍ ဒေသတွင်းနေပြည်သူ ၂၀၀၀ ခန့်သည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အောင်မြင်ပြီးဆုံးသည်အထိ အမြန်ဆုံး ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးများကို အစိုးရက အမြန်ဆုံးဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် လိုလားတောင်းဆိုချက်များကို ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် တိုင်းရင်းသားများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေး၊ တောင်းဆိုချက်များ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး စသည့်အချက် (၅)ချက်ပါဝင်သော တောင်းဆိုချက်များဖြင့် စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဆန္ဒထုတ်ဖော်ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆောင်ရွက်မှု အခြေအနေများကို ဦးအေးမြင့်ကျော်က လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအခြေအနေများကို ဦးသက်တင်ကလည်းကောင်း၊ တိုင်းရင်းသားရေးရာကိစ္စအခြေအနေများကို ဦးစောညွန့်ကလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးစိုင်းလူကလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် ဒေသခံပြည်သူ ၂၀၀၀ ကျော်ခန့်က ကြွေးကြော်သံများဖြင့် ထောက်ခံခဲ့ကြသည်။

ထိုနည်းတူ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီကလည်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်ရှိ ကိုးကန့်တိုင်းရင်းသား အင်အား ၁၇၀၀ ကျော်ခန့်သည် ဦးအောင်နိုင်(ခ)အားချန် ဦးဆောင်၍ အမှတ် (၂) ရပ်ကွက်ရှိ ကိုးကန့်ဘာသာ အလယ်တန်းကျောင်း၌ စုဝေးပြီး တောင်းဆိုချက် (၆)ချက်ပါဝင်သည့် မြန်မာ-ကိုးကန့်နှစ်ဘာသာဖြင့် ရေးသားထားသော ဆိုင်းဘုတ်၊ လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်ကာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သက်ဆိုင်ရာ၏ ကြိုတင်ခွင့်ပြုချက်ရယူကာ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အောင်မြင်ပြီးဆုံးသည်အထိ အမြန်ဆုံးဆောင်ရွက်ပေးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကို အစိုးရက အမြန်ဆုံး ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် လိုလားတောင်းဆိုချက်များကို အစိုးရက ဦးဆောင်ဖြေရှင်းပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် တိုင်းရင်းသားအားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေး၊ ခြောက်ပွင့်ဆိုင် အလိုမရှိ၊ တောင်းဆိုချက်များ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးတို့ကို နိုင်ငံတော်အစိုးရသို့ အသိပေးလိုသည့်အတွက် ယခုကဲ့သို့ ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နမ့်ဆန်မြို့တွင် ပလောင်တိုင်းရင်းသားများ ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ စုပေါင်းဆန္ဒထုတ်ဖော်ကြစဉ်။ (သတင်းစဉ်)**



## လွတ်လပ်ရေးနေ့ဂုဏ်ပြု၍ မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန်　ဇန်နဝါရီ　၂**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမေရိကန်ပြည်ထောင်စုနေ ဦးခင်မောင်သိန်း-ဒေါ်စုဇန်သိန်း(စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်း) မိသားစုက မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ လှူဒါန်းသော အမေရိကန်ဒေါ်လာ ၅၀၀ ကို အလှူရှင်များကိုယ်စား စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ဆွေတင့်နှင့် ဒေါ်ခင်ဆွေဝင်းတို့က ဇန်နဝါရီ ၂ ရက် နံနက်တွင် လာရောက်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ (၂) ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန်၊ တို့ကျေပွန်**

## ပြည်တွင်းရေးရာ

❖ ကျောဖုံးမှ

ရသေ့တောင်မြို့နယ် မေယုခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ ဆားငန်ရေဝင်ရောက်သည့် ကျေးရွာများအတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၀၊ တန်ဖိုးငွေကျပ် ၃၆ သိန်းရှိ ဆိုလာမီးအိမ် ၇၂ လုံးတို့ကို ကော်မတီဥက္ကဋ္ဌကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် ဦးခင်မောင်လတ်တို့အား ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ငွေကျပ်သိန်း ၆၀ နှင့် ဗလာစာအုပ်ဒါဇင် ၆၀၀၊ ငခူတောင်ဘုန်းတော်ကြီးကျောင်း ပြန်လည်တည်ဆောက်ရန် ငွေကျပ်သိန်း ၁၀၀၊ မောင်တောမြို့ရှင်အပါး ၅၀၀ အလှူတော်မင်္ဂလာအတွက် ငွေကျပ်သိန်း ၁၀၀၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းအတွက် ငွေကျပ်သိန်း ၅၀ နှင့် အကူအညီလိုအပ်လျက်ရှိသူများအတွက် အန္တေးစောင် ၁၈၉၅၇ ထည်တို့ကို ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် ဦးဖေသောင်းတို့က ပေးအပ်လှူဒါန်းကြသည်။

ဒီဇင်ဘာ ၃၁ ရက်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ ထွက်ခွာကာ ရှစ်သောင်းပုထိုးတော်ကြီးကို ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်ပြီး အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ ဦးဆောင်ကာ ပြည်တွင်းပြည်ပ ဆေးပညာရှင်များဖြင့် အခမဲ့ဆေးကုသမှုအခမ်းအနားသို့ တက်ရောက်ပြီး အလိုတော်ပြည့်ဆရာတော်နှင့်အတူ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် အလိုတော်ပြည့် ဆရာတော်၏ ဩဝါဒကိုခံယူပြီး ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြား၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ လှူဒါန်းသည့် အလိုတော်ပြည့်ကျောင်းအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ငွေကျပ်သိန်း ၅၀ ကို ဒေါက်တာခင်ရွှေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်တို့က ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် ကျောက်တော်မြို့သို့ ထွက်ခွာကာ မဟာမုနိဘုရားကို ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဘုရားတန်ဆောင်းအတွင်း မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက်နှင့် ကျောက်တော်မြို့နယ် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကူညီမှုအသင်းအတွက် ငွေကျပ် သိန်း ၅၀ စီတို့ကို ပေးအပ်လှူဒါန်းသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရမ်းဗြဲမြို့နယ် မကျည်းကျွန်းသို့ သွားရောက်ပြီး ၁၁ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကုန္ဒပါလတည်ထားသော တိပိဋက ဉာတိသင်္ဂဟစေတီတော်ထီးတော်တင်လှူပွဲသို့ တက်ရောက်လှူဒါန်းသည်။

ယင်းနောက် သံတွဲမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သံတွဲမြို့နယ် ပညာသင်ထောက်ပံ့ကူညီမှုအသင်းအတွက် ငွေကျပ်သိန်း ၁၀၀၊ ရက္ခိတသွေးလှူရှင်အသင်းအတွက် ငွေကျပ်သိန်း ၂၀၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ငွေကျပ်သိန်း ၅၀နှင့် အန္တေးစောင်များကို ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်တို့က ပေးအပ်လှူဒါန်းကြသည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနက ငပလီမြို့သစ်အတွက်ပေးပို့သော မီးသတ်ယာဉ်နှစ်စီးကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းထံ လွှဲပြောင်းပေးအပ်ပြီး မီးသတ်ကားများက စွမ်းရည်ပြသကြသည်။

အဆိုပါအခမ်းအနားများ၌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ ရခိုင်ပြည်နယ်တွင် လျှပ်စစ်စွမ်းအား ရရှိသင့်သလောက်ရရှိလာပြီဖြစ်ကြောင်း၊ ယခင်ကာလတစ်ခု၌ "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်အံ့" ဆိုသော ဆောင်ပုဒ်တစ်ခုရှိခဲ့ကြောင်း၊ လောကနိဗ္ဗာန်ဖြစ်ဖို့အတွက် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ လူနေမှုဘဝမြင့်မားခြင်းတို့ ဖြစ်ပေါ်ဖို့လိုကြောင်း၊ လျှပ်စစ်စွမ်းအားကို တစ်နိုင်ငံလုံး လုံလုံလောက်လောက်ရရှိ သုံးစွဲနိုင်စေရန် ပြည်ထောင်စုအစိုးရက ကြိုးပမ်းဆဲအခြေအနေတွင် မိမိတို့ပြည်နယ်အတွက် ရရှိသည့်စွမ်းအားကို အကျိုးရှိရှိအသုံးပြုဖို့လိုအပ်ကြောင်း၊ ယခုအချိန်တွင် လူမှုရေးအဆင့်အတန်းမြင့်မားရေးထက် စီးပွားရေးအရ အကျိုးရှိမှုအတွက်ကိုပါ ခွဲဝေသုံးစွဲသင့်သည်ကို ပြည်သူတိုင်းက ဉာဏ်နှင့် ယှဉ်စေလိုကြောင်း၊ ရခိုင်ပြည်နယ်သည် စီးပွားရေးဦးမော့ရန် အခွင့်အရေးများရရှိလာနေပြီဖြစ်ကြောင်း၊ ဤနေရာတွင် ပြည်တော်သာခေတ်ကဆောင်ပုဒ်တစ်ခုဖြစ်သော "လူသစ်တည်၍ ပြည်သစ်ဆောက်အံ့" ဆောင်ပုဒ်ကိုပင် ရည်ညွှန်းလိုကြောင်း၊ အဓိပ္ပာယ်မှာ ရခိုင်ပြည်နယ်ကို ကြီးပွားဖွံ့ဖြိုးသော ပြည်နယ်သစ်အဖြစ် တည်ဆောက်ရန်အရည်အချင်းမြင့်မားသောစွမ်းရည်ပြည့်ဝသည့် လူသား အရင်းအမြစ်အသစ်များ ပေါ်ပေါက်လာရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နည်းလမ်းများကိုသာ နမူနာယူ၍မဖြစ်ကြောင်း ရခိုင်ပြည်နယ်၏ မြေအသုံးချမှု၊ လူသားအရင်းအမြစ်တစ်ဦးချင်းစုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးအခြေခံအဆောက်အအုံများ၊ သတင်းနှင့် ဆက်သွယ်ရေးအခြေခံများကို ဇယားချ၍ အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်ပြီး ရခိုင်နည်းလမ်း၊ ရခိုင်ပုံစံတစ်ခုကို ဖော်ထုတ်ဖို့လိုကြောင်း၊ ထိုသို့ဖော်ထုတ်ကျင့်သုံးရာ၌ ပြည်နယ်တစ်ခုတည်းအတွင်း၌ပင် မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့အတွက် ပုံစံငယ်များထပ်မံပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်းက ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့်အလုပ်ကို မနားမနေလုပ်ကိုင်ရန် စိတ်ဓာတ်ပိုင်းဆိုင်ရာပြုပြင်မှုသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ အချို့ကမူ ကိုယ်ပိုင်အရင်းအနှီးမရှိသော်လည်း လူသားစွမ်းရည်ရှိသဖြင့် အစုရှယ်ယာထည့်ဝင်သူများ ရှိလာ၍ လုပ်ငန်းကြီးများ လုပ်ကိုင်နိုင်ကြကြောင်း၊ ထို့ပြင် ဈေးကွက်ကိုရှာတတ်ဖို့လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံရှိ ဈေးကွက်လိုအပ်ချက်ကိုလေ့လာပြီးမှ စိုက်ပျိုးခြင်း၊ ကုန်ထုတ်လုပ်ခြင်းတို့ကို ပြုလုပ်ပြီးရောင်းဝယ်ဖောက်ကားရမည်ဖြစ်ကြောင်း၊ မိမိကပင်ပင်ပန်းပန်း ထုတ်လုပ်ထားသောထွက်ကုန်ပေါ်တွင် မိမိထက် ပွဲစားက ပိုမြတ်သွားခြင်းမျိုး မဖြစ်စေရန်လည်းလိုကြောင်း၊ အရင်းအနှီးရရှိရေးနှင့်ပွဲစားအတွက်မဖြစ်ရေးတို့အတွက် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဖြေကိုရှာလျှင် သမဝါယမစနစ်သည် လက်ရှိအခြေအနေနှင့် အသင့်တော်ဆုံးဖြစ်ကြောင်း၊ အကောင်အထည်ဖော်သည့် ပုဂ္ဂိုလ်များ၏ စီးပွားရေးအမြင်လုပ်ရည်ကိုင်ရည်နှင့် ရိုးသားဖြောင့်မတ်မှုအပေါ် များစွာ မူတည်ကြောင်း၊ နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ယနေ့ကျောင်းနေ အရွယ်ကလေးများမှစ၍ ပြုစုပျိုးထောင်ပါက ယင်းသို့ သင်ကြားမှုပြီးဆုံးချိန်သည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ချိန်ပင်ဖြစ်ကြောင်း၊ ဘာပဲလုပ်လုပ် အနာဂတ်အတွက် ရေရှည်အကျိုးကိုမျှော်ကိုး၍ လုပ်ကိုင်ကြဖို့လိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကျောက်တော်မြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ မဟာရန်ကုန်မြို့မှ

ရောက်ရှိဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သတင်းရရှိသည်။

မြို့တော်စည်ပင်နှင့် JICA တို့ ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်မြို့ပြစီမံကိန်း Master Plan အရ ၂၀၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ပြသည် လူဦးရေ ၁၀ သန်းရှိသော မြို့ပြကြီးတစ်ခုဖြစ်လာမည်ဖြစ်သည့်အပြင် တိုးပွားလာမည့် လူဦးရေ၊ ယာဉ်အစီးရေ၊ အခြေခံအဆောက်အအုံများအပါအဝင် လေထုအရည်အသွေးစောင့်ကြည့်မှုများ၊ လေ့ထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းစဉ်များလည်း ဆောင်ရွက်ရန်ရေးဆွဲထားကြောင်း သိရသည်။ လေထုအရည်အသွေးစောင့်ကြည့်ရန် လိုအပ်သည့် နေရာ ၄၀ ကို ရွေးချယ်ထားရာတွင် ယခု လက်ရှိတွင် အဓိက လိုအပ်သည့် နေရာ ၁၅ နေရာခန့်တွင် လေထုအရည်အသွေး တိုင်းတာရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"မြို့တော်စည်ပင်အနေနဲ့ ၂၀၀၇ ခုနှစ်မှာ လုပ်ငန်းခွင်ကျန်းမာရေး၊ အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့နဲ့ ပူးပေါင်းပြီး လေထုအရည်အသွေးတိုင်းတာမှုကို လုပ်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ စံချိန်စံညွှန်းမရှိသေးဘူး။ WHO ရဲ့ guide line နဲ့ စောင့်ကြည့်ခဲ့ပါတယ်။ အဲဒီတုန်းက နေရာသုံးခုမှာ တိုင်းဖို့ ဆောင်ရွက်ခဲ့တယ်။ စက်မှုဇုန်တွေကို ကိုယ်စားပြုတဲ့နေရာဖြစ်တဲ့ ဘုရင့်နောင်လမ်းက သစ်တောရုံးမှာ တိုင်းတယ်၊ လူနေထိုင်မှုဧရိယာဖြစ်တဲ့ ပြည်လမ်းက IBC မှာ တိုင်းတယ်။ ပြီးတော့ ဗဟိုစီးပွားရေးအချက်အချာ CBD ဧရိယာဖြစ်တဲ့ မြို့ထဲ (၃၈)လမ်းမှာ တိုင်းတာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ထပ်မံတိုင်းတာခဲ့ပြီးတော့ အမှုန်အမွှားတွေ TSPN (Total Suspendent Particulate Matter) တွေဟာ WHO စံနှုန်းထက်ကို ကျော်လွန်နေတယ်။ စက်မှုဇုန်တွေက ထွက်တာ၊ ကားတွေက ထွက်တာတွေကြောင့် များနေတယ်။ ၂၀၁၃ မှာ ဂျာမန် GIZ က သင်တန်းလာပေးတယ်။ သူတို့နဲ့ပူးပေါင်းပြီး နေရာတွေ လိုက်စစ်ဆေးကြည့်တော့ ရွေးချယ်ထားတဲ့ နေရာ ၄၀ မှာ အဓိက လိုနေတာက နေရာ ၁၅ နေရာလောက်ပေါ့ အဲဒီမှာ လေထုအရည်အသွေးစောင့်ကြည့်ဖို့ပေါ့။ ၂၀၁၄ ဘဏ္ဍာနှစ်မှာ လေထုအရည်အသွေးတိုင်းတာရေး စက်လေးလုံး ဝယ်ယူဖို့ မြို့တော်ဝန်က ခွင့်ပြုတယ်။ အဲဒါ အမေရိကကို မှာထားတယ်။ ဒီလကုန်ကို ရောက်ရှိမှာ ဖြစ်ပြီး တိုင်းတာစစ်ဆေးမှုတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးအောင်မြင့်မော်က ရှင်းပြသည်။

အဆိုပါ လေထုအရည်အသွေး တိုင်းတာရေးစက်များကို အထိုင်စနစ်ဖြင့် နေရာသုံးခုတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်တစ်လုံးကို ရွေ့လျားစနစ်ဖြင့် တိုင်းတာသွားမည်ဟု သိရသည်။ မြို့တော်ဧရိယာအတွင်း လေထုအရည်အသွေးကို တိတိကျကျသိရှိနိုင်ရန်နှင့် လေထုညစ်ညမ်းမှုအပေါ် ထိန်းသိမ်းကာကွယ်မှုနည်းလမ်းများ၊ အများပြည်သူ အသိပညာဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန် ရည်ရွယ်သည်ဟု သိရသည်။

" HAZ Scanner E pass အမျိုးအစား စက်တွေကို ဝယ်ထားတာပါ။ ၃ နေရာမှာ အထိုင်စနစ်နဲ့ ဆောင်ရွက်မှာပါ။ မြို့တော်ခန်းမရှေ့ ဗန္ဓုလပန်းခြံရယ်၊ လှည်းတန်းခုံးကျော်တံတားနားရယ်၊ မင်္ဂလာဒုံ အုပ်ချုပ်ရေးမှူးရုံးနေရာမှာရယ် ထားမှာပါ။ ကျန်တဲ့ စက်တစ်လုံးကတော့ ရွေ့လျားစနစ်နဲ့တိုင်းတာမှာပါ။ စက်တွေကို ဆိုလာစနစ်နဲ့ဟာတွေ ဝယ်ထားပါတယ်။ network ချိတ်ဆက်နိုင်ဖို့ စဉ်းစားထားပါတယ်။ ရုံးချုပ်ကနေ အချက်အလက်တွေ လှမ်းယူလို့ရမယ့် စနစ်တွေပေါ့။ အခု WHO ရဲ့ guide line နဲ့ပဲ သွားမှာပါ။ WHO ရဲ့ စံချိန်စံနှုန်းတွေကို ကျော်လွန်ရင်တော့ လေထုညစ်ညမ်းမှု လျှော့ချဖို့ ဆောင်ရွက်မှာပါ။ ရလဒ်တွေ သိရတာနဲ့ဆောင်ရွက်သွားမှာပါ။ အဓိက ကတော့ ရန်ကုန်လေထုမှာ အမှုန်အမွှားတွေ များပြားနေတာပါ။ TSPM မများအောင် စိမ်းလန်းမှုဧရိယာတွေ ထားရမယ်။ သစ်ပင်ထားရမယ်။ ကားလမ်းတွေကို ရေဆေးပြီး သန့်စင်အောင် လုပ်ရမယ်။ ကွန်ကရစ်လမ်းတွေကလည်း ဖုန်အမှုန်ပိုများတယ်။ တာယာပွန်းစားမှုများတယ်။ လေထုအရည်အသွေး စောင့်ကြည့်ရေးအဖွဲ့ဖွဲ့ထားပါတယ်။ ပုံမှန်အချက်အလက်ယူမယ့်အပြင် ရွေ့လျားအဖွဲ့တွေကိုလည်း ဖွဲ့ထားတယ်။ တိုင်းတာရေးစက်နဲ့ ပတ်သက်ပြီး စာတွေ့၊ လက်တွေ့ သင်တန်းတွေ ပေးထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ စက်လေးလုံးကို မြန်မာကျပ်ငွေ သိန်း ၁၀၄၀ ကုန်ကျကြောင်းသိရပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မြို့နယ်အလိုက် လျာထားသော နေရာများမှာ မြောက်ဥက္ကလာပအဝိုင်း၊ သဃ်န်းကျွန်းစံပြဈေး၊ မင်းနန္ဒာလမ်းနှင့် ဇဂ်မလမ်းထောင့်၊ သဒ္ဒါရုံလမ်း(ဘောလုံးကွင်းအနီး)၊ မင်္ဂလာဈေးလမ်းဆုံ၊ ရန်ကုန်ဘူတာကြီး၊ ရွှေဂုံတိုင်လမ်းဆုံ၊ တက္ကသိုလ်ရိပ်သာလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ မြေနီကုန်းလမ်းဆုံ၊ သခင်မြပန်းခြံ၊ ဗိုလ်ချုပ်လမ်း(သူနာပြုတက္ကသိုလ်အနီး)၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်း(ခုံးကျော်တံတား)၊ မဟာဗန္ဓုလပန်းခြံ၊ မင်္ဂလာဒုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့တို့ဖြစ်သည်။

**သတင်း-(၀၀၁)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# နည်းပညာတက္ကသိုလ်နှင့် JICA တို့ ပူးပေါင်း၍ ဂျပန်သို့ ပညာသင်များ စေလွှတ်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်နည်းပညာတက္ကသိုလ်က ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်းကာ ပညာသင်စေလွှတ်မှုများကို စတင်နေပြီး လွန်ခဲ့သော ဒီဇင်ဘာလအတွင်းက ရှစ်ဦးစေလွှတ်ခဲ့ကာ ယခုလအတွင်းတွင်လည်း ထပ်မံစေလွှတ်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

ဂျပန်နိုင်ငံတွင် အင်ဂျင်နီယာ ပါရဂူဘွဲ့ကို တက်ရောက်သင်ယူနိုင်ရန် ပညာသင်စေလွှတ်မှုအတွက် ၂၀၁၃ ခုနှစ်အောက်တိုဘာလတွင် သဘောတူစာချုပ်များကို ချုပ်ဆိုပြီးနောက် ၂၀ ဦးစေလွှတ်ရန် အစီအစဉ်အရ ယင်းကဲ့သို့ စေလွှတ်ခြင်းလည်းဖြစ်သည်။ ထို ၂၀ ဦး စေလွှတ်ရန် လျာထားရာမှ ရှစ်ဦးစေလွှတ်ပြီးနောက် ကျန်ရှိသည့် ၁၂ ဦးကို ယခုလအတွင်း ဆက်လက်စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် နှစ်ထပ်အဆောက်အအုံနှင့် ငါးထပ်အဆောက်အအုံတို့ကို လာမည့် ဧပြီလမှစတင်ကာ ၂၀၁၇ ခုနှစ်အတွင်း အပြီး တည်ဆောက်သွားရန် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက စီစဉ်ထားလျက်ရှိပြီး ယင်းတည်ဆောက်မှုအတွက် ဒေါ်လာ ၂၅ ဒသမ ၄ သန်း ကုန်ကျခံသုံးစွဲသွားရန် စီစဉ်ထားလျက်ရှိကြောင်း သိရသည်။

**(၆၈၀)**

## မြန်မာ့ရုပ်မြင်သံကြား
## Entertainment Channel

**၃-၁-၂၀၁၅(စနေနေ့)**

၆း၀၀ - အဖွင့်
လွင်မိုးခရီးသွားနေသည်(ချင်းပြည်နယ်) (အပိုင်း-၂)
၆း၃၀ - ဇာတ်တော်ကြီးပြိုင်ပွဲ "သုဝဏ္ဏသာမ ဇာတ်တော်ကြီး" (ပထမပိုင်း)
၈း၁၅ - ပျော်ရွှင်စေသောနေ့ရက်များ "ဆယ်ကျော်သက်" (အပိုင်း-၉)
၈း၃၅ - ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ကျော့မောင်ခိုင်တစ်ကွက်ကျော်အစားခံရခြင်း" (ဝေယံမင်း၊ ဧငြိမ်းဖြူ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း) (Lurel Art Academy)
၉း၁၅ - ဇာတ်တော်ကြီးပြိုင်ပွဲ "သုဝဏ္ဏသာမဇာတ်တော်ကြီး" (ဒုတိယပိုင်း)
၁၀း၁၅ - မြန်မာဗီဒီယိုဇာတ်လမ်း "ဘာဘီအရုပ်ကလေး" (အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)

**တစ်နေ့ (၆)နာရီစာ (၄)ကြိမ် ပြသပါမည်။**




# (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးတွင် အတည်ပြုခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အချို့နှင့်စပ်လျဉ်း၍

အီးယူနိုင်ငံများက တင်သွင်းသည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်များကိုပင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီက ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေး၌ ဆက်လက်တင်သွင်းခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အချို့နှင့် ပတ်သက်၍ မှန်ကန်သည့် သတင်းအချက်အလက်များ သိရှိနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းနှင့် တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**မောင်ဖိုးဇော်(မေး)။ ။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံနဲ့စပ်လျဉ်းပြီး ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့တယ်လို့ ကြားသိရပါတယ်။ ဘယ်လို ဆုံးဖြတ်ချက်မျိုး ဖြစ်တယ်ဆိုတာ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဦးထင်လင်း(ဖြေ)။ ။ ကျင်းပဆဲဖြစ်တဲ့ (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဒီဇင်ဘာ ၂၉ ရက်မှာ ကျင်းပတဲ့ မျက်နှာစုံညီအစည်းအဝေးက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ အသစ်ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တစ်ရပ် မဟုတ်ပါဘူး။ ဒီညီလာခံရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆုံးဖြတ်ချက်တွေကို သက်ဆိုင်ရာကော်မတီအသီးသီးမှာ ဦးစွာဆွေးနွေးအတည်ပြုပြီး မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်တင်ပြချမှတ်ခြင်းပဲဖြစ်ပါတယ်။ ဒီမြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်ဟာ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ပင်မကော်မတီတစ်ရပ်ဖြစ်တဲ့ လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာကော်မတီ (Social, Humanitarian and Cultural Matters) တို့အားဖြင့် တတိယကော်မတီမှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၁) ရက်က ဆွေးနွေးအတည်ပြုပြီးဖြစ်ပါတယ်။

**မေး။ ။ ဒီဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ဘယ်လိုအချက်အလက်တွေပါတယ်၊ မြန်မာနိုင်ငံက ဘယ်လိုသဘောထားတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီပြောင်းလဲမှု၊ အမျိုးသားပြန်လည်သင့်မြတ်မှု၊ လူ့အခွင့်အရေး မြှင့်တင်ရေးနဲ့ ကာကွယ်ရေးတွေမှာ ရရှိနေတဲ့ အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေကို ကြိုဆိုထားပါတယ်။ ဒါ့အပြင် မြန်မာအစိုးရအနေနဲ့ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ လူ့အသိုက်အဝန်းတွေနဲ့ ဆက်လက်ထိတွေ့ ဆွေးနွေးဆောင်ရွက်နေတာကိုလည်း ကြိုဆိုထားပါတယ်။ ဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ ပြန်လည်သုံးသပ်ရေး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှု၊ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးရရှိဖို့အတွက် အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုကို ရှေးရှုပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းဆောင်ရွက်မှုတွေကိုလည်း ကြိုဆိုထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ မတူကွဲပြားခြင်းနဲ့ အမျိုးသားသဟဇာတရှိရေး ဗဟိုဌာန ထူထောင်ခြင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနဲ့ တိုးတက်ထိတွေ့ပူးပေါင်းဆောင်ရွက်မှု စတာတွေကိုလည်း အသိအမှတ်ပြု ကြိုဆိုထားပါတယ်။



ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်း။

ဒီအဆိုမူကြမ်းဟာ မြန်မာနိုင်ငံရဲ့ တိုးတက်မှုတွေကို အသိအမှတ်ပြုကြိုဆိုထားတဲ့အတွက် အဆိုကိုတင်သွင်းတဲ့ အီးယူနိုင်ငံတွေနဲ့ နှစ်ဖက်အပြုသဘောပူးပေါင်းဆောင်ရွက်မှုတွေရှိတာကို ထောက်ထားသောအားဖြင့် အဆိုမူကြမ်းကို မဲခွဲဆုံးဖြတ်ရန် မြန်မာနိုင်ငံက တောင်းဆိုခြင်း မပြုဘဲ မဲမခွဲဘဲ (without a vote) အတည်ပြုချမှတ်ရန်သာ အီးယူနဲ့ ညှိနှိုင်းရပ်တည်ခဲ့ပါတယ်။

**ဒီလိုမြန်မာနိုင်ငံက ဆုံးဖြတ်ရပ်တည်ခဲ့ပေမယ့် အဆိုမူကြမ်းမှာ လက်မခံနိုင်တာတွေပါဝင်တဲ့အတွက် အဆိုမူကြမ်းချမှတ်စဉ်မှာ ပယ်ချခြင်းနဲ့ ချွင်းချက်ပြုဖော်ပြခြင်းများလည်း ပြုလုပ်ခဲ့ပါတယ်။ ဒီအဆိုမူကြမ်းဆွေးနွေးခြင်း၊ အတည်ပြုချမှတ်ခြင်း၊ မိမိရပ်တည်ချက်ကို ထင်ရှားစေရန် ချေပပြောဆိုခြင်း စတဲ့လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ ပါဝင်ဆွေးနွေးဆောင်ရွက်ခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ပြောကြားလိုတာကတော့ ဒီအဆိုမူကြမ်းကို မြန်မာနိုင်ငံအနေနဲ့ တန်းတူရည်တူ ဆွေးနွေးပြီး မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေတွေနဲ့ ကိုက်ညီစေဖို့ အတတ်နိုင်ဆုံး စဉ်းစားဆုံးဖြတ်ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

**မေး။ ။ ဒီသတင်းတွေထဲမှာ လူမျိုးရေး၊ ဘာသာရေးအပေါ် ခွဲခြားဆက်ဆံတဲ့ မူဝါဒကို အဆုံးသတ်ဖို့ တိုက်တွန်းလိုက်တယ်လို့ ရေးသားတာတွေလည်း တွေ့ရပါတယ်။ အဲဒါဘာကိုဆိုလိုပါသလဲလို့ သိချင်ပါတယ်။**

အမေး၊အရေး-မင်းမင်းဇော်(သတင်းစဉ်)
ဓာတ်ပုံ-ထိန်နန်နော်(သတင်းစဉ်)

ဖြေ။ ။ ဆုံးဖြတ်ချက်မှာပါတဲ့ အချို့သော ကိစ္စတွေဟာ အချက်အလက်တွေ မှန်ကန်မှုမရှိဘဲနဲ့ သိမ်းကျုံးစွပ်စွဲပြောဆိုချက်တွေဖြစ်နေတာ တွေ့ရပါတယ်။ ဒီလိုစွပ်စွဲချက်တွေဟာ မြန်မာနိုင်ငံအတွင်း ရာစုနှစ်ပေါင်းများစွာ သဟဇာတရှိရှိ နေထိုင်လာတဲ့ လူမျိုးတွေနဲ့ ဘာသာဝင်တွေအကြား အမုန်းပွားမှုကိုသာ ဖြစ်စေနိုင်ကြောင်း ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့က ထောက်ပြကန့်ကွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုခွဲခြားဆက်ဆံတဲ့မူဝါဒမရှိသလို ကျင့်သုံးခြင်းလည်းမရှိပါဘူး။ ဒါပေမယ့် သဘာဝရေမြေ အနေအထား၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ အကန့်အသတ်တွေကြောင့် မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးစု အချို့ဒေသတွေမှာ အထွေထွေဖွံ့ဖြိုးတိုးတက်မှု နောက်ကျတာတော့ ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒေသအားလုံး အချိုးညီစွာဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။

**မေး။ ။ အချို့သော သတင်းတွေထဲမှာ လူနည်းစုတွေကို နိုင်ငံသားအဖြစ် သတ်မှတ်ပေးဖို့၊ ရိုဟင်ဂျာအဖြစ်ခေါ်ဆိုခွင့်ပြုဖို့ ဆုံးဖြတ်ချက်က တိုက်တွန်းကြောင်း စသည်ဖြင့် ဖော်ပြတာတွေ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ ဒီနေရာမှာ ဆုံးဖြတ်ချက်ပါ အချက်အလက်ကို နားလည်မှုလွဲမှားတာလို့ ယူဆပါတယ်။ ဆုံးဖြတ်ချက်မှာကတော့ နိုင်ငံသားဖြစ်ရေးအတွက် လိုအပ်တဲ့ အခွင့်အရေးတွေ ညီတူညီမျှပေးအပ်ဖို့လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ နိုင်ငံသားအဖြစ်သတ်မှတ်ပေးဖို့ မည်သူတစ်ဦးတစ်ယောက်ကမျှ မြန်မာနိုင်ငံအစိုးရကို တိုက်တွန်းလို့မရပါဘူး။ နိုင်ငံသားဖြစ်ရေးဟာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေ၊ အထူးသဖြင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှုဥပဒေနဲ့အညီသာ ဆောင်ရွက်ရမှာဖြစ်ကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ နိုင်ငံသားစိစစ်မှုရှေ့ပြေးစီမံချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး ဥပဒေနဲ့ ကိုက်ညီတဲ့သူများကို နိုင်ငံသားပြုခွင့်ရသူ (သို့မဟုတ်) နိုင်ငံသားအဖြစ် စိစစ်ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံသားအဖြစ် ဆုံးဖြတ်ပေးခဲ့သူများ၊ နိုင်ငံသားပြုခွင့်ရသူများနဲ့ ၎င်းတို့ရဲ့သားသမီးတွေဟာ ဒီဥပဒေနဲ့အညီ အခွင့်အရေးတွေရရှိပြီး ဖြစ်ပါတယ်။ ဒီလိုစိစစ်မှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဆုံးဖြတ်ချက်မှာ သုံးနှုန်းထားတဲ့ ရိုဟင်ဂျာလူနည်းစုဆိုတဲ့ ဖော်ပြချက်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ကန့်ကွက်ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားရာမှာ မြန်မာနိုင်ငံရဲ့ လူမျိုးစု (၁၀၀) ကျော်စာရင်းနဲ့ ဗြိတိသျှကိုလိုနီလက်ထက် သန်းခေါင်စာရင်းမှတ်တမ်းတွေမှာ ဒီအသုံးအနှုန်း မရှိကြောင်း၊ ဒီလိုမရှိတဲ့ အသုံးအနှုန်းတစ်ခုကို ပြောဆိုသုံးစွဲတာဟာ မည်သည့်ဖြေရှင်းမှုမျိုးကိုမှ ပေါ်ထွက်လာစေမှာမဟုတ်ဘဲ အဟန့်အတားသာ ပေါ်ပေါက်စေမှာဖြစ်ကြောင်း အခိုင်အမာရပ်တည်ပြောကြားခဲ့ပါတယ်။ ဒါ့အပြင်ကုလသမဂ္ဂအနေနဲ့ ဒီအသုံးအနှုန်းမျိုးဖော်ပြခြင်းဟာ မြန်မာပြည်သူတွေကို စိတ်မချမ်းမသာဖြစ်စေပြီး ရေရှည်တည်တံ့မယ့် အဖြေတစ်ရပ်ရှာဖို့ ကြိုးစားနေတဲ့ မြန်မာအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို အထောက်အကူ မပြုတဲ့အပြင် ပိုမိုခက်ခဲစေမှာဖြစ်ကြောင်း ကန့်ကွက်ပြောကြားခဲ့ပါတယ်။**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒီအသုံးအနှုန်းကို သုံးစွဲခဲ့တဲ့အတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပေးစာတစ်စောင် ပေးပို့ခဲ့ပါတယ်။ အပြည့်အစုံကိုတော့ နိုဝင်ဘာလ ၁၄ ရက်ထုတ် သတင်းစာတွေမှာ ဖော်ပြခဲ့ပြီးဖြစ်လို့ ထပ်မံမပြောကြားတော့ပါဘူး။ ကုလသမဂ္ဂအနေနဲ့ အဖွဲ့ဝင်နိုင်ငံတွေက မိမိပြည်တွင်းရေးနဲ့ပတ်သက်ပြီး အဖြေရှာဖို့ ကြိုးစားနေတဲ့ အငြင်းပွားဖွယ်ကိစ္စရပ်တွေမှာ မည်သည့်ဘက်ကိုမျှ ဘက်မလိုက်ဘဲ သမာသမတ်ကျကျ ရပ်တည်သွားဖို့လိုပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောပြချင်တာကတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ သဟဇာတဖြစ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နေတယ်ဆိုတဲ့ အချက်ပါပဲ။ ဒီလိုဆောင်ရွက်ရာမှာ ဖွံ့ဖြိုးရေးဟာ အဓိကသော့ချက်ကျတဲ့အတွက် ရခိုင်ပြည်နယ် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျတဲ့ ဖွံ့ဖြိုးတိုးတက်မှုအကူအညီတွေ ပေးအပ်သွားဖို့လိုကြောင်း ပြဿနာရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာမယ့်အစား အဖြေရဲ့အစိတ်အပိုင်းတစ်ရပ်ဖြစ်ဖို့ လိုတယ်ဆိုတာကို ပြောကြားလိုပါတယ်။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ထုတ်ဝေသည့် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၉ တွင် **ကျွန်းလှမြို့၌ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးဖွင့်လှစ် မျက်စိနှင့်သွားခံတွင်း ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး**ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည့်သတင်းစဉ်တွင် **"သီတဂူစက္ခုဒါနဆေးရုံတော်ကြီးအတွက် စေတနာရှင်ပြည်သူများက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြရာ ငွေပဒေသာပင် အလှူငွေ ကျပ်သိန်းပေါင်း ၆၅၀၀နှင့် ဆေးပဒေသာပင် အလှူငွေကျပ်သိန်းပေါင်း ၂၉၉၂ သိန်း လက်ခံရရှိသည်"**ဟု ဖော်ပြခဲ့မှုအစား **"သီတဂူစက္ခုဒါနဆေးရုံတော်ကြီးအတွက် စေတနာရှင်ပြည်သူများက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြရာ ငွေပဒေသာပင် အလှူငွေကျပ်သိန်းပေါင်း ၆၅၀၀ နှင့် ဆေးပဒေသာပင် အလှူငွေ ကျပ်သိန်းပေါင်း ၁၉၂ သိန်း လက်ခံရရှိသည်"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

# ဖူးမြော်မဝ သံဝေဇနိယ

ကျော်သူထက်(သတင်းစဉ်)

ဗုဒ္ဓဂယာမြေမြတ်မဟာသည် ဘုရားအဆူဆူ ပွင့်တော်မူရာ မြေမြတ်ဖြစ်သည်။ မြတ်စွာဘုရားရှင်တော် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူပြီး ဗုဒ္ဓအဖြစ်သို့ ရောက်ရှိသော နေရာ၊ သံဝေဂရစေနိုင်သော နေရာလည်းဖြစ်ပေသည်။ ဗုဒ္ဓဂယာမြေမြတ်မဟာသည် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့တွင် တည်ရှိကာ သံဝေဇနိယ လေးဌာနတည်ရှိပြီး ဘုရားရှင်တိုင်း မစွန့်အပ်သော အဓိဇဟိတဌာနထူးလည်း ဖြစ်သည်။

မြတ်စွာဘုရား အဆူဆူတို့ပွင့်တော်မူရာ ဌာနထူးဖြစ်သည့် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာပုံစံတူကို နေပြည်တော် ဥတ္တရသီရိမြို့မြောက်ဘက် ခွာညိုပန်းအဝိုင်းမှ ၅ မိုင် ၆ ဖာလုံအကွာ ဥဒယရံသီ ကုန်းတော်ပြင်၌ တည်ထားကိုးကွယ်လျက်ရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာသို့ ကိုယ်တိုင်ရောက်ရှိ ဖူးမြော်နေရသကဲ့သို့ ပြည်တွင်း၌ လွယ်လင့်တကူ ဖူးမြော်ခွင့် ရရှိနေကြပြီဖြစ်သည်။

ဗုဒ္ဓဂယာပုံစံတူအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများအနေဖြင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့်အတူ ဘုရားဖြစ်တော်မူပြီးနောက် မြတ်စွာဘုရားရှင်တော် ခုနစ်ရက်စီ စံမြန်းတော်မူခဲ့သော သတ္တဌာန(၇)ဌာနဖြစ်သည့် မဟာဗောဓိပင်နှင့်ရွှေပလ္လင် (ပထမသတ္တာဟ)၊ အနိမိသစေတီတော်(ဒုတိယသတ္တာဟ)၊ ရတနာစင်္ကြံတော်(တတိယသတ္တာဟ)၊ ရတနာဃရ ရွှေအိမ်တော် (စတုတ္ထသတ္တာဟ)၊ အဇပါလနိဂြောဓ (ဆိတ်ကျောင်းညောင်ပင်) (ပဥ္စမသတ္တာဟ)၊ မုစလိန္ဒာအိုင် (ဆဋ္ဌမသတ္တာဟ)နှင့် ရာဇာယတနလင်းလွန်းပင်(သတ္တမသတ္တာဟ)တို့ကိုဖူးမြော်ကြည်ညိုနိုင်ကြမည်ဖြစ်သည်။

မြတ်စွာဘုရားရှင်တော်မြတ် ပရိနိဗ္ဗာန်စံခါနီးတွင် အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့သည်မှာ "ချစ်သားအာနန္ဒာ၊ ရတနာသုံးပါး၌ ကြည်ညိုသော၊ သဒ္ဓါတရားရှိသော အမျိုးကောင်းသားတို့အတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သောဌာန လေးဌာနရှိကုန်၏။ နောင်အခါ၌ သဒ္ဓါတရားရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာ ဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြကုန်လတ္တံ့"ဟု မိန့်ကြားတော်မူပြီး "ချစ်သားအာနန္ဒာ အကြင်လူတို့သည် ဘုရားဖူး ခရီးလှည့်လည်မှုကိုပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီးနောက်၌ နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့"ဟု ဟောကြားတော်မူခဲ့သည်။

ယခုအခါ သံဝေဇနိယလေးဌာန (သံဝေဂရစေတတ်သော ဌာနလေးပါး)ဖြစ်သည့် မြတ်စွာဘုရား လောင်းဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၊ သဗ္ဗညုတရွှေဉာဏ်တော်ကိုရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိမဏ္ဍိုင်၊ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစက် ဟောမြွက်ရာ ဣသိပတနမိဂဒါဝုန်တောနှင့် မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံရာ ကုသိနာရုံ အင်ကြင်းတောတို့ကို ပြည်သူများ သံဝေဂရယူ ကုသိုလ်ပွားများနိုင်ရန် နေပြည်တော် ဗုဒ္ဓဂယာ၌ ဆက်လက်တည်ဆောက်လျက်ရှိသည်။

သံဝေဇနိယတစ်ဌာနဖြစ်သည့် မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့်ရွှေပလ္လင်တော်သည် သတ္တဌာန(၇)ဌာနတည်ထားစဉ်ကပင် ထည့်သွင်းတည်ဆောက်ပူဇော်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ကျန်ရှိနေသော သံဝေဇနိယ(၃)ဌာနဖြစ်သည့် မြတ်စွာဘုရားလောင်းဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၊ မြတ်စွာဘုရားတရားဦးဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တောနှင့် မြတ်စွာဘုရားမဟာပရိနိဗ္ဗာန် စံဝင်တော်မူရာ အင်ကြင်းတောတို့နှင့် ဆက်စပ်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်တည်ဆောက်ခဲ့ရာ မကြာတော့သည့်အချိန်ကာလ၌ ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုခွင့် ရရှိကြတော့မည်ဖြစ်သည်။

## လုမ္ဗိနီဥယျာဉ်တော်

မြတ်စွာဘုရားလောင်းသည် မဟာသက္ကရာဇ် (၆၈)ခု၊ ကဆုန်လပြည့် (သောကြာနေ့) နံနက် တစ်ချက်တီးချိန်တွင် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် အကြားရှိ လုမ္ဗိနီအင်ကြင်းတော၌ ပကတိသွန်းသစ်သော ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ စင်ကြယ်စွာ ဖွားမြင်တော်မူခဲ့သည်။ မြတ်စွာဘုရားလောင်းဖွားမြင်တော်မူရာ သံဝေဇနိယဌာနပုံစံတူကို နေပြည်တော်၌တည်ထားရန် ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် မြေသန့်၊ ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ကာ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်ခဲ့သည်။



မြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစက် ဟောမြွက်စဉ်။

တည်ဆောက်ရေးလုပ်ငန်းခွင်သို့ စာရေးသူရောက်ရှိစဉ် မြတ်စွာဘုရားအလောင်း ဖွားမြင်တော်မူပြီးသည်နှင့် မြောက်အရပ်သို့ မျက်နှာမူ၍ ခုနစ်လှမ်းကြွလှမ်းကာ "အဂ္ဂေါဟမသ္မိ လောကဿ၊ ငါသည် လောက၌ အမြင့်ဆုံး။ ဇေဋ္ဌောဟမသ္မိ လောကဿ၊ ငါသည်လောက၌ အကြီးဆုံး။ သေဋ္ဌောဟမသ္မိ လောကဿ၊ ငါသည်လောက၌ အမြတ်ဆုံးဖြစ်၏"ဟူသော သုံးခွန်းသောစကားနှင့် "အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ၊ ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏။ နောက်ထပ်ဘဝဖြစ်ရန် မရှိတော့ပြီ"ဟု ကြုံးဝါးတော်မူနေသည့်ဟန်တို့အား ဖူးတွေ့ခဲ့ပြီး စိတ်၌ငြိမ်းချမ်းခြင်းကို ဖြစ်ပေါ်ခဲ့ရသည်။

## မိဂဒါဝုန်တော

ထို့အတူ မြတ်စွာဘုရားရှင်၏ တရားဦးဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တော သံဝေဇနိယ ဌာနပုံစံတူ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ရောက်ရှိခဲ့သည်။ နေပြည်တော်၌တည်ထားရန် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် မြေသန့်၊ ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ကာ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်ပြီး စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့် (စနေနေ့)တွင် ဗာရာဏသီပြည်သို့ ခြေကျင်ခရီးကြွချီတော်မူရာ ညနေချမ်းအချိန်၌ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောရှိ ပဥ္စဝဂ္ဂီတို့ထံ ဆိုက်ရောက်တော်မူကြောင်း၊ မြတ်စွာဘုရားရှင်သည် ထိုမိဂဒါဝုန်တော၌ နေဝင်စအချိန်တွင် "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ" အစရှိသော "ဓမ္မစက္က ပဝတ္တန" သုတ်တော်ကို ဟောတော်မူရာ ဒေသနာတော်၏အဆုံး၌ ရှင်ကောဏ္ဍညသည် သောတပတ္တိဖိုလ်၌တည်ကြောင်း၊ ထိုမိဂဒါဝုန်တောသည် ပဥ္စဝဂ္ဂီငါးဦးစလုံး အာသဝေါတရားကုန်ခန်း၍ ရဟန္တာအဖြစ်ရောက်ရှိတော်မူအောင် မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦး ဟောတော်မူခဲ့သည့်နေရာဖြစ်ကြောင်း၊ မြတ်စွာဘုရားရှင်သည် ပထမဝါကို မိဂဒါဝုန်၌ပင် ဝါကပ်တော်မူပြီး နန္ဒိယမည်သော သူကြွယ်ဆောက်လုပ်လှူဒါန်းသည့်ကျောင်းတော်၌ သီတင်းသုံးတော်မူခဲ့ကြောင်း တရားဦးဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တောနှင့်ပတ်သက်၍ စာရေးသူ လေ့လာမှတ်သားခဲ့ရသည်။

ထို့ပြင် ပုံစံတူတည်ထားကိုးကွယ်နိုင်ရန် လုပ်ငန်းများမဆောင်ရွက်မီ တည်ဆောက်ရေးပညာရှင်များ အိန္ဒိယနိုင်ငံ ဂယာမြို့မှတစ်ဆင့် မိဂဒါဝုန်တောသို့သွားရောက်၍ မြတ်စွာဘုရားရှင် ဓမ္မစကြာဟောကြားတော်မူပုံ ရုပ်တုတော်အား တိုင်းတာရေးကိရိယာများဖြင့် မှတ်သားကာပုံထုတ်ခြင်း၊ ဓာတ်ပုံမှတ်တမ်း ရိုက်ကူးရယူခြင်းတို့ကို ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်းနှင့် ဓာတ်ပုံများအား 3D Model ပြုလုပ်ပြီး ပုံကြမ်းများထုတ်ကာ မန္တလေးမှ ပန်းပုပညာရှင်များက ထုဆစ်ပုံဖော်ခဲ့ကြကြောင်း သိရှိရသည်။

## အင်ကြင်းတော

အလားတူ သံဝေဂရစေတတ်သောဌာနတစ်ခုဖြစ်သည့် မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်လျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးတည်ထားသည့် အင်ကြင်းတောသို့ ရောက်ရှိခဲ့ပြန်သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် မြေသန့်၊ ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား ပြုလုပ်ပြီးချိန်တွင် စတင်တည်ဆောက်ခဲ့သည့်အတွက် ရာနှုန်းပြည့်ပြီးစီးတော့မည့် အခြေအနေကို တွေ့ရှိရသည်။

လုပ်ငန်းများမဆောင်ရွက်မီ တည်ဆောက်ရေး ပညာရှင်များသည် အိန္ဒိယနိုင်ငံ ဂယာမြို့မှတစ်ဆင့် ကုသိနာရုံသို့သွားရောက်၍ မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ ရုပ်တုတော်အား လေ့လာတိုင်းတာ၍ 3D Model Data များရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ မတ္တရာမှ စကျင်ကျောက်တုံးကြီးအား CNC စက်ကြီးဖြင့် ထုဆစ်ပူဇော်ထားသည့် ဉာဏ်တော်ပေ(၂၀) (၆)လက်မရှိ မဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံ ရုပ်ပွားဆင်းတုတော်ကြီးသည် အလွန်ပင်သပ္ပာယ်လှသည်။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာကို အစဉ်ဆောင်ကြဉ်းပေးတော်မူသော အတုမရှိမြတ်စွာဘုရားရှင်တော်သည် သက်တော်(၈၀)၊ ဝါတော် (၄၅)ဝါသို့ ရောက်ချိန်တွင် မဟာပရိနိဗ္ဗာန် စံဝင်တော်မူကြောင်း ငယ်စဉ်ကပင် မိဘ၊ ဆရာသမားများ၏ သွန်သင်မှုကြောင့် သိရှိခဲ့သည်။

မြတ်စွာဘုရားရှင်သည် ရွှေပန်းထိမ်သည်၏သား စုန္ဒလှူဒါန်းသော ဝက်ပျိုသားဆွမ်းဘုဉ်းပေးပြီးနောက် ပြင်းထန်သောသွေးဝမ်းလွန်ရောဂါခံစားနေစဉ် ထိုဝေဒနာကို ဆင်ခြင်သည်းခံကာ အရှင်အာနန္ဒာကိုခေါ်၍ ကုသိနာရုံပြည်သို့ ကြွချီတော်မူကြောင်း၊ ဘုရားရှင်သည် မလ္လာတိုင်း ကုသိနာရုံပြည် ကုသိနာရုံမြို့ဝင်ခါနီး မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ရောက်လျှင် ရှင်အာနန္ဒာအား အင်ကြင်းပင်တို့ အကြား၌ မြောက်အရပ်ကို ဦးခေါင်းပြုကာ ညောင်စောင်းကို အခင်း ခင်းခိုင်းကြောင်း၊ ဘုရားရှင်သည် သတိရှိလျက် လက်ျာနံတောင်းဖြင့် မြတ်သောလျောင်းစက်ခြင်းကို ပြုလေကြောင်း။

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် (အင်္ဂါနေ့)အရုဏ်ဦးအချိန်တွင် ရဟန်းတော်များအား "ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းလေးပါးအစုတို့သည်၊ ပြုပြင်၍ဖြစ်သမျှသော သင်္ခါရတရားတို့သည် ပျက်တတ်သော သဘောရှိကုန်၏။ သင်တို့သည် မမေ့မလျော့ မပေါ့မလစ်သဖြင့် ပြည့်စုံစေကုန်လော့"ဟု နောက်ဆုံးဩဝါဒကို မိန့်ကြားတော်မူခဲ့ကြောင်း၊ မြတ်စွာဘုရားရှင်သည် အဆုံး၌ အလုံးစုံသောသင်္ခါရတရားတို့၏ ကုန်ငြိမ်းရာ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါတ် ပထမအသင်္ခါရိက အဗျာကတဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ကြောင်း လေ့လာမှတ်သားဖူးသည်။

"ဝက်ပျိုသားဆွမ်းကို ဘုဉ်းပေးသောကြောင့်သာ ထိုဝေဒနာရောက်သည် မဟုတ်။ စင်စစ်သော်ကား ဘုရားကိုယ်တော်မြတ်၌ ဤဝေဒနာ မချွတ်ရောက်လတ္တံ့ပင်ဖြစ်သည်။ ထိုဆွမ်းကို ဘုဉ်းပေးရသောကြောင့်သာလျှင် အားတော်ခိုင်မာ၍ ရှည်စွာသောခရီးကို ခြေတော်ဖြင့် ကြွနိုင်သည်"ဟု ဇိနတ္ထပကာသနီ ကျမ်းတော်၌ ပါရှိသည့်အချက်ကိုလည်း စာရေးသူသတိပြုမိသည်။

မဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံ ရုပ်ပွားဆင်းတုတော်ကြီး ထုဆစ်ပုံဖော်ခဲ့မှုများနှင့်ပတ်သက်၍ တည်ဆောက်ရာတွင် အသုံးပြုခဲ့သည့်နည်းပညာများ၊ တွေ့ကြုံခဲ့ရသည့်အခက်အခဲများနှင့် ပုံစံတူတည်ဆောက်ရေးအပိုင်း ဆောင်ရွက်ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းနိုင်ရန် မဟာပရိနိဗ္ဗာန် စံဝင်တော်မူပုံ ရုပ်ပွားတော် ဆင်းတုတော်ကြီး ထုဆစ်ပုံဖော်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးခင်မောင်သိန်းနှင့် တွေ့ဆုံခဲ့သည်။

ဦးခင်မောင်သိန်းက လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ "အခုလို ပုံဖော်ထုဆစ်ပူဇော်ရာမှာ စက်မှုအပိုင်း၊ ဒီဇိုင်းနည်းပညာအပိုင်း၊ ပုံထုစစ်တဲ့အပိုင်းဆိုပြီး သုံးပိုင်းခွဲဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှာ အိန္ဒိယနိုင်ငံကို သွားရောက်လေ့လာခဲ့ပါတယ်။ သွားတဲ့အခါမှာ ဓာတ်ပုံပညာရှင်နဲ့ ဒီဇိုင်းပညာရှင် သုံးယောက်ပါပါတယ်။ အိန္ဒိယမှာရှိတဲ့ ဆရာတော် ဦးပညာဇောတအကူအညီနဲ့ ပရိနိဗ္ဗာန်စံဝင်တဲ့ပုံတော်ကြီးကို ဓာတ်ပုံ ၆၀၀ ခန့်ရိုက်ခဲ့ပါတယ်။ အဲဒီ ၆၀၀ ထဲကနေပြီးတော့ ၃၃၆ ပုံကို အကောင်းဆုံးရွေးလိုက်ပြီးတော့ 3D Scan ဖတ်ပါတယ်။ ဖတ်ပြီးတော့ အပိုင်းအလိုက် မျက်နှာတော်ဆို မျက်နှာတော်၊ ကိုယ်လုံးတော်ဆို ကိုယ်လုံးတော် ပုံထုတ်ကြည့်ပါတယ်။ ပြီးမှ CNC စက်နဲ့ ၉၀ ဒီဂရီတစ်ဆင့်ထွင်းပါတယ်။ ဒုတိယအဆင့်ကျတော့ ၄၅ ဒီဂရီထွင်းပါတယ်။ တတိယနောက်ဆုံးအဆင့်ကျတော့ ၃၀ ဒီဂရီထွင်းပါတယ်။ သုံးဆင့်ထွင်းပြီးတော့မှ ပုံတော်ကြီး ပေါ်လာပါတယ်။

ပုံတော်ကြီးကို လက်မှုပညာနဲ့ ဘာကြောင့်မထုဆစ်သလဲဆိုတော့ ထူးခြားချက်ဟန် သုံးခုရှိနေလို့ပါ။ အိန္ဒိယမှာ ထုဆစ်ခဲ့တာဟာ အေဒီ(၅၀၀)လောက်ကဖြစ်ပါတယ်။ ဒိန္နဆိုတဲ့ ပညာရှင်က ရွှံ့နဲ့မြေကြီးနဲ့ ပေါင်းစပ် ထုဆစ်ခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၅၀၀)ကျော်လောက်က ထုလိုက်တာ အခုအထိ တည်မြဲနေပါတယ်။ အံ့သြဖို့ကောင်းပါတယ်။ ထူးခြားချက်က (၃)ခုရှိပါတယ်။ ဦးခေါင်းတော်ထိပ် တည့်တည့်ကနေ ဖူးလို့ရှိရင် ဝိညာဉ်မဲ့ပျော့ပျောင်းပြီးတော့ နေတဲ့ဟန်ရှိပါတယ်။ မျက်နှာတော်တည့်တည့်ကနေ ဖူးလို့ရှိရင် ပြုံးတော်မူဟန်ရှိပါတယ်။ ခြေဖဝါးတော်အောက်တည့်တည့်ကနေ ဖူးလို့ရှိရင် ဝေဒနာ ခံစားနေရတဲ့ဟန်ရှိပါတယ်။ အဲဒီထူးခြားချက် သုံးခုလုံးပါအောင်ထုဆစ်ရတဲ့အတွက် လက်မှုပညာနဲ့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကွန်ပျူတာနဲ့ထုဆစ်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

ဒီစကျင်ကျောက်တုံးကြီးဟာ ပထမက ၄၃ တန် လေးပါတယ်။ ၂၃ ပေ ရှည်ပါတယ်။ အမြင့်က လေးပေ ခြောက်လက်မရှိပါတယ်။ အကျယ်က ငါးပေရှိပါတယ်။ အဲဒီကျောက်တုံးကြီးကို ဇွန် ၁၀ ရက်မှာ စတင်ထွင်းပါတယ်။ အောက်တိုဘာ ၂၉ ရက်မှာပြီးပါတယ်။ ဒီဇင်ဘာ ၁၂ ရက်မှာတော့ အမြဲတမ်း ကိန်းဝပ်မယ့် ကုသိနာရုံသို့ ပင့်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။

ပထမဦးဆုံး ပုံစံငယ်အသေးလေးကို စမ်းပြီးထုဆစ်ကြည့်ပါတယ်။ စတင်ထုဆစ်တဲ့အချိန်မှာတော့ မျက်နှာတော်ဆို မျက်နှာတော်နေရာမှာ ကွန်ပျူတာထဲမှာ လိုချင်တဲ့ဧရိယာကို ကွက်ပြီးတော့ အထုဘယ်လောက်ရှိတယ်၊ စူးသွားဘယ်လောက်ရှိလဲဆိုတာ တွက်ပြီးတော့ ကွန်ပျူတာထဲမှာ ထွင်းကြည့်လိုက်ပါတယ်။ ကွန်ပျူတာထဲမှာ ပေါ်သွားပြီ၊ မှန်သွားပြီ ဆိုတော့မှ ဒီဖိုင်ကို စက်ထဲမှာ ထည့်ပြီးတော့ မောင်းလိုက်ပါတယ်။ ပထမက စူးသွားထက်တဲ့အပြားနဲ့ ထွင်းပါတယ်။ ချောတဲ့အခါမှာတော့ စူးသွားအလုံးလေးတွေနဲ့ထွင်းပါတယ်။ ထွင်းတဲ့အခါမှာ လည်းစိန်သွားအရိုင်းအမှုန့်အတုံးလေးတွေကို စူးသွားမှာ ချော်ရည်နဲ့ကပ်ထားပါတယ်။ အဲဒါနဲ့ ထွင်းရပါတယ်။ အပူမတက်အောင်လို့ ရေကိုလည်း အဆက်မပြတ်ပေးရပါတယ်။ အပူတက်ရင် ဖိုင်မှားသွားတာတို့၊ စူးသွားကျိုးသွားတာတို့ ဖြစ်နိုင်တဲ့အတွက် သေချာစောင့်ကြည့်ပြီး ဆောင်ရွက်ခဲ့ရပါတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

## ဓမ္မပူဇာသဘင် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂**

သာသနာဟိတရေအသင်း နေပြည်တော်၏ ပင့်ဖိတ်စီစဉ်မှုဖြင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။

ဓမ္မပူဇာသဘင်အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက် (ဗုဒ္ဓဟူးနေ့)၊ ၈ ရက် (ကြာသပတေးနေ့)၊ ၉ ရက် (သောကြာနေ့) ညစဉ် ၇ နာရီခွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ရင်ပြင်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်

**ခရမ်း ဇန်နဝါရီ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် တမံကြီး-ကျုံတူး လမ်းပေါ်၌ရေပြွန်လေးစင်းနှင့် ကျုံတူး-ရိုးကြီးလမ်း ပေါ်၌ ရေပြွန်ငါးစင်း တည်ဆောက်နေကြောင်းသိရသည်။

(ခရမ်းကျေးလက်)



## တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲ၊ ဗုဒ္ဓကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့် စိတ္တပေဒအားဖြင့် ဝေဒနာကိုကျော်လွှားဖြေရှင်းနည်း (ဝေဒနာနုပဿနာ)ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ဗုဒ္ဓကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့်စိတ္တပေဒအားဖြင့် ဝေဒနာကို ကျော်လွှားဖြေရှင်းနည်း (ဝေဒနာနုပဿနာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသတို့က အဖွင့်အမှာစကားမြွက်ကြားတော်မူသည်။

ထို့နောက်သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဩစတြေးလျ၊ ထိုင်း၊နီပေါ၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့မှ ဆရာတော်ကြီးများက ဝေဒနာနုပဿနာနှင့်ပတ်သက်သည့်အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်မှ စတင်ကာ တစ်နှစ်တစ်ကြိမ် ကျင်းပဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ် (သင်ကြား)၊ မဟာဌာနမှူးဆရာတော်ကြီးများ၊ ဩစတြေးလျ၊ ထိုင်း၊ နီပေါ၊ အိန္ဒိယသီရိလင်္ကာနိုင်ငံတို့မှ ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

အိန္ဒိယမှာရှိတဲ့ ဘုရားရဲ့ညဏ်တော်က ပေ ၂၀ နဲ့ ခြောက်လက်မရှိပါတယ်။ အခုလည်း ဒီမှာ အဲဒီဉာဏ်တော်အတိုင်း ထုဆစ်ထားပါတယ်။ ဟိုမှာ ရွှံ့နဲ့ မြေကြီးနဲ့လွှန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀၀ လောက်က ထုထားတဲ့ ပုံတော်ကြီးက အခုထိတည်မြဲနေပါတယ်။ နောက်ပြီးတော့ ထူးခြားဟန်(၃)ချက်လည်း ပေါ်နေပါတယ်။ ကျွန်တော်တို့က ကျောက်သားအစစ်ကို ထွင်းတာဖြစ်ပါတယ်။ အဲဒါလေးတစ်ခုပဲ ကွာပါတယ်။ နောက်လျောင်းတော်မူကြီးရဲ့ရှေ့မှာ ပုံသုံးပုံရှိပါတယ်။ အရှင်အာနန္ဒာရယ်၊ ဇီဝကရယ်၊ နောက်ရဟန္တာတစ်ပါးရှိပါတယ်။ အဲဒီသုံးခုကိုတော့ ဒီမှာသဲကျောက်နဲ့ ထွင်းထားပါတယ်။ ဟိုမှာကတော့ ရွှံ့နဲ့မြေကြီးနဲ့ပဲ ထွင်းထားပါတယ်။

ကျွန်တော်တို့က ဒီလိုတစ်ခါမှလည်းမကြုံဖူးပါဘူး၊ အားလုံးဘေးမသီရန်မခဘဲ အေးအေးချမ်းချမ်းနဲ့ အောင်မြင်စွာ ထုဆစ်နိုင်ခဲ့တဲ့အတွက် အင်မတန်မှလည်း ဝမ်းသာရပါတယ်။ နိုင်ငံနဲ့လူမျိုးအတွက်၊ သာသနာတော်အဓွန့်ရှည် တည်တံ့နိုင်ရေးအတွက်၊ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အများကြီး အကျိုးရှိပါတယ်”ဟု ရှင်းပြသည်။

လူဘဝသည် ရခဲလှသည်။ လူဘဝရသော်လည်း ဗုဒ္ဓသာသနာနှင့်ကြုံကြိုက်ရန်မလွယ်ကြောင်း မှတ်သားနာယူဖူးသည်။ ယခု ကျွန်ုပ်တို့သည် ရခဲလှသည့် လူ့ဘဝကိုပိုင်ဆိုင်ထားကြပြီး ကြုံကြိုက်ရန်မလွယ်သော ဗုဒ္ဓသာသနာတော်ကြီးနှင့်လည်း ဆုံတွေ့ခွင့်ရနေပြီဖြစ်သည်။ သံဝေဇနိယ လေးဌာနသည် ဗုဒ္ဓသာသနာဝင်တို့အတွက် အထူးအရေးပါသည့် သံဝေဂရယူစရာ၊ အထွတ်အမြတ်ထားရာ နေရာများဖြစ်သည်။

ကျွန်ုပ်တို့၏ ထူးလှသော ကုသိုလ်ကံအကြောင်းတရားများကြောင့် ဖူးမြော်ရန် အလှမ်းကွာဝေးလှသည့် ဗုဒ္ဓဂယာနှင့် သံဝေဇနိယလေးဌာန ပုံစံတူများကို ပြည်တွင်း၌ပင် ဖူးမြော်ကြည်ညိုနိုင်ကြတော့မည် ဖြစ်သည်။ အိန္ဒိယနိုင်ငံသို့ သွားရောက်ဖူးမြော်နိုင်ကြသူများရှိသော်လည်း အများစုမှာ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်မဖူးမြော်နိုင်ပါ။ သို့သော်လည်း ဖူးမြော်လိုသည့် ဆန္ဒများကတော့ တူညီစွာပြင်းပြလျက်ရှိ ကြသည်။ မကြာမီကာလအတွင်း နေပြည်တော်၌ အဆိုပါလေးဌာနအား ပုံစံတူတည်ဆောက်မှု ပြီးစီးတော့မည်ဖြစ်ပြီး အများပြည်သူကုသိုလ်ပွားများနိုင်ရန် လာမည့် ကဆုန်လပြည့်တွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဤသံဝေဇနိယ လေးဌာနအား လှည့်လည်သွားလာပြီး ဖူးမြော်ကြည်ညိုသောစိတ်အစဉ်ဖြင့် ကွယ်လွန်ခဲ့သော ထိုသူတို့သည် နောင်ကာလအဖို့၌ ကောင်းသောနတ်ရွာသုဂတိသို့ ရောက်ရှိလိမ့်မည်ဟု ဘုရားရှင်တော်မြတ် မိန့်ကြားတော်ခဲ့သည့်အတိုင်း မဇ္ဈိမဒေသဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်နေရသကဲ့သို့ ပြည်တွင်း၌ပင် ဖူးမြော်နိုင်ကြတော့မည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအား နေပြည်တော်သို့ အလည်တစ်ခေါက်လာရောက်၍ ဖူးမြော်နိုင်စေရန် ဖိတ်ခေါ်ပါကြောင်းနှင့် ဤသို့ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော တာဝန်ရှိသူများနှင့် အလှူရှင်များကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။ ။

### မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်အကျဉ်း

၃-၁-၂၀၁၅ (စနေနေ့)

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် အဖိတ်နေ့

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၅၀ | “ကြည်ညိုဦးခိုက်ဖူးလိုက်စို့ တူပျော်ပျော်မန်းရွှေစက်တော်” |
| ၉း၃၅ | (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်အခမ်းအနားအကြိုမြင်ကွင်းများ |
| ၁၀း၃၅ | နိုင်ငံ့အသက်သွေးလွတ်လပ်ရေး ထိန်းသိမ်းစို့ပင်ထာဝစဉ် |
| ၁း၅၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) |
| ၂း၂၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာဂီတ ရိပ်သာ(အပိုင်း-၁၁၈) |
| ၂း၄၀ | ဗိုလ်ရှုခံအခမ်းအနား အတွေ့အကြုံများမေးမြန်းတင်ပြခြင်း အစီအစဉ် |
| ၅း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၅၀ | (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် |
| ၆း၃၀ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၇း၅၀ | (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၉း၃၀ | ပြန်လည်တမ်းတသတိရစေချင် အတိတ်ဆီက ဗိုလ်ရှုသဘင် -ဂီတတံခါးလေးဖွင့်ပါဦး။ |

**ရန်ကုန် ဇန်နဝါရီ ၂**

## ရေကောင်းရေသန့်ဖြန့်ဝေသုံးစွဲနိုင်ရေး ဆွေးနွေး

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၄) ရပ်ကွက် ယုဇနဉယျာဉ်မြို့တော်သည် အေ၊ ဘီ၊ စီ ဘလောက်အလိုက် တိုက်ခန်းပေါင်း ၇၀၀၀ကျော်၊ လူဦးရေ ငါးသောင်းကျော်ခန့် နေထိုင်လျက်ရှိပြီး ရပ်ကွက်အတွင်းသို့ နေ့စဉ် ရေကောင်းရေသန့် ဖြန့်ဝေသုံးစွဲနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁ ရက် ည ၇ နာရီခွဲခန့်က ရပ်ကွက်အတွင်းရှိ မဟာကန္ဒီဘုန်းတော်ကြီးကျောင်းခန်းမ၌ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းနှင့် အိမ်ရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးတင်ထွဋ်က ရေကောင်းရေသန့်ရရှိရေးအတွက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများနှင့် ရပ်မိရပ်ဖများက ပြန်လည် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

(၅၀၂)




## လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လားရှိုးမြို့၊ ထင်ရှူးမြိုင်အိမ်ရာစီမံကိန်းတွင် ကွန်ကရစ်လမ်း၊ အဆင့်မြင့် တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ (၄)ထပ် လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) ခန်းဖွဲ့(၂)ခန်း၊ ဧည့်ခန်း(၁)ခန်း ပါဝင်သည့် တိုက်ခန်းများ ဆောက်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း၊ အငြိမ်းစားများ (အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့် လျှောက်လွှာတစ်စောင်လျှင် (၂၀၀၀ိ/-) (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| လျှောက်လွှာရောင်းချမည့်ရက် | - ၅-၁-၂၀၁၅ ရက်မှ ၃၁-၁-၂၀၁၅ ရက်အထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း) |
| လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် | - ၃၁-၁-၂၀၁၅ ရက် (၁၆း၀၀)နာရီ |
| လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် | - ၃၁-၃-၂၀၁၅ရက် (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| လျှောက်လွှာရောင်းချမည့်နေရာ | - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |



# လက်ရက်ကန်းခြောက်လသင်တန်း ဆင်းပွဲနှင့် ဖွင့်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် လက်ရက်ကန်း ခြောက်လသင်တန်း ဆင်းပွဲနှင့် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ အခြေခံရက်ကန်း သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ယနေ့ သင်တန်းဆင်းသွားသည့် သင်တန်းသူ ၂၀ ဦးအတွက် ရက်ကန်းစင်တစ်လုံးစီနှင့် အရန်ပစ္စည်း၊ ချည် (၁၀ ပေါင်)တစ်ထုပ်စီ ရင်းနှီးမတည်ပေးလိုက်သဖြင့် ကျွမ်းကျင်တတ်မြောက်သည့် ပညာရပ်များဖြင့် မိမိဒေသပြန်ရောက်လျှင် ရိုးရာအထည်များကို ကြိုးစားရက်လုပ်ကြစေလိုကြောင်း ပြောကြားသည်။ **နေမျိုးလွင်(မြန်/ဆက်)**



❐ **ရွှေဖုံးမှ**

ယနေ့ဖွင့်လှစ်သည့် လယ်ဝေးမြို့နယ် ဘို့ကိုးလုံး တံတားကို အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားအဖြစ် ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး ထိုသို့ ပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(၁၀၇)**

# (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၂**

ပဲခူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ ရွှေမောဓော‌ဘုရားယာဉ်ရပ်နားဝင်းအတွင်း၌ကျင်းပရာ ပဲခူးမြို့ပေါ်ရှိ ဟသ်ာကုန်းရပ်ကွက် မူကြိုကျောင်းနှင့် ကလျာဏီရပ်ကွက် မူကြိုကျောင်းမှ ကလေးများက မီတာ ၅၀ အပြေး ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အကျီဝတ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲနှင့် ဘောလုံးဇွန်းတပ်ပြိုင်ပွဲတို့အား ယှဉ်ပြိုင်ကစားကြသည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကလေးများအား ပဲခူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရတနာတင်မြင့်ထွန်း၊ အတွင်းရေးမှူး ဒေါ်နုနုဝါနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကရင်(ပဲခူး)**

# တပ်ကုန်းမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်တပ်ကုန်းမြို့ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် မြို့သန့်ရှင်းသပ်ရပ်၊ သာယာလှပစိမ်းလန်းစိုပြည်ရေးများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ်များ၊ လမ်းလယ်ကျွန်းများနှင့် လမ်းဘေးပလက်ဖောင်းကပ်တုံး ၁၅၀၀၀ ပေတို့အား ဆေးသုတ်ခြင်း၊ မြေယာရှုခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်များ ပုံသွင်းပြုပြင်ခြင်း၊ Flower box များ အသစ်ထပ်မံပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီကော်မတီဝင် ဦးအောင်ကျော်ငြိမ်သည် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင် (ဒုတိယညွှန်ကြားရေးမှူး)နှင့်အတူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဇင်ဘို(ကြေးမုံ)**

# သမဝါယမစာရင်းရေးဆွဲခြင်း သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သမဝါယမဦးစီးဌာနမှကြီးမှူးကျင်းပသော အခြေခံသမဝါယမ အသင်းအမှုဆောင်များ စာရင်းရေးဆွဲခြင်း ပညာပေးသင်တန်း ဖွင့်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်သမဝါယမအသင်းစုရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်တင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က CHINA EXIM Bank ချေးငွေလုပ်ငန်းပုံစံ ရှစ်မျိုး စာရင်းရေးသွင်းခြင်းကို ရှင်းလင်းပြောကြားပို့ချသည်။ အဆိုပါသင်တန်းသို့ သမဝါယမအသင်း ၃၃ သင်းမှ သင်တန်းသား ၆၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ခင်ဇော်လင်းနှင့် ရွှေခမ်းတို့နှစ်ဦးအား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**

လားရှိုးမြို့ ရပ်ကွက်(၈) မန်ဆူကားဝင်းအနီး လမ်းမပေါ်တွင် ဒီဇင်ဘာ ၃၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ရွှေခမ်းမောင်းနှင်ပြီး ခင်ဇော်လင်းလိုက်ပါလာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ခင်ဇော်လင်းဝတ်ဆင်ထားသည့် အကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀ သိမ်းဆည်းရမိသဖြင့် ခင်ဇော်လင်း (၁၉)နှစ်နှင့် ရွှေခမ်း (၁၉)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ စိုးမိုးထွန်း၏ နေအိမ်ကို ရှာဖွေရာ စိုးမိုးထွန်းဝတ်ဆင်ထားသော အနွေးထည်အကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ သိမ်းဆည်းရမိသဖြင့် စိုးမိုးထွန်း (၄၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။


**(ကြေးမုံ)**


# ကျေးလက်မီးလင်းရေး ဆိုလာမီးများတပ်ဆင်

**သန်လျင် ဇန်နဝါရီ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းဖြစ်သော ဝင်းခနီးကျေးရွာ ကျေးလက်မီးလင်းရေးအတွက်ဆိုလာမီး ၂၇၇ စုံတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးဖြစ်၍ သတိုးအောင်ဇေယျကုမ္ပဏီမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌထံသို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(သန်လျင်ကျေးလက်)**





သွေးသည် အသက်





# ဆီတွဲအခွံမျောပါသွားရာမှ အမျိုးသားတစ်ဦးသေဆုံး

ချောက်၊ ဇန်နဝါရီ ၂

ချောက်မြို့နယ်၊ သစ်ချိုကုန်းရွာ မြောက်ဘက် တစ်မိုင်အခန့်အကွာ ဧရာဝတီမြစ်အတွင်း ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီက ရေယာဉ်မှူး ဦးဝင်းဇော်မောင်းနှင်သည့် (ဂရင်းလပ်ဝမ်း) တွန်းသင်္ဘောသည် ဧရာဝတီမြစ်အတွင်း သောင်တင်နေစဉ် ထိုတွန်းသင်္ဘောနှင့်တွဲထားသော အရှည်ပေ ၂၀၀၊အနံ ၄၅ပေရှိ ဆီမပါ ဆီတွဲအခွံမှာ ကြိုးပြတ်မျောပါသွားခဲ့ပြီး ဆီတွဲပေါ်တွင် အောင်ကျော်မြင့်နှင့် အောင်နိုင် (ရန်ကုန်တိုင်းဒေသကြီးနေသူ) တို့ ပါသွားခဲ့သည်။

ယင်းနေ့ ညနေ ၆ နာရီတွင် ရေမိုင်တစ်မိုင်ခန့်အကွာရှိ သစ်ချိုကုန်းရွာ အနောက်ဘက် ဧရာဝတီ မြစ်ကမ်းဘေးအရောက် သောင်ခုံနှင့် ဝင်တိုက်မိခဲ့သောကြောင့် ဆီတွဲမှာ ရပ်တန့်သွားပြီး ဆီတွဲပေါ်ပါ အောင်နိုင်မှာဆီတွဲကုန်းပတ်ပေါ်ရှိ ရေပိုက်နှင့်ခလုတ်တိုက် လဲကျခဲ့ရာ ကြမ်းပြင်နှင့် မျက်နှာရိုက်မိခဲ့သောကြောင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပက်သက်၍ ချောက်မြို့နယ် စလေနယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၇/၂၀၁၄ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# သရက်ခရိုင် ကံမမြို့နယ်တွင် အမျိုးသမီးတစ်ဦး ကားရေဆေးနေစဉ် ကားကြိတ်သေဆုံး

ကံမ၊ ဇန်နဝါရီ ၂

သရက်ခရိုင် ကံမမြို့နယ် ထန်းပင်လေးကျေးရွာတွင် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီက အမျိုးသမီး တစ်ဦး ကားရေဆေးစဉ် ကားကြိတ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ ဦးသန်းဇော်ပိုင် ဒိုင်နာယာဉ်အား ယာဉ်မောင်း နိုင်ကြီး အသက် ၄၄ နှစ်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေသူက ဦးသန်းဇော်၏ နေအိမ်ခြံဝင်း ကုန်းအဆင်းတွင် ရပ်တန့်ထားခဲ့ရာ ဦးသန်းဇော်၏ ဇနီးဖြစ်သူ မစန္ဒာက ကားဦးခေါင်းပိုင်းအား ရေဆေးနေစဉ်ယာဉ်မှာ ကုန်းအဆင်းသို့ လိမ့်ဆင်းခဲ့သောကြောင့် ဦးခေါင်းအား တက်ကြိတ်မိခဲ့ရာ မစန္ဒာမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်ပေါ့ဆစွာ ရပ်တန့်သူ နိုင်ကြီးအား ကံမမြို့နယ်၊ မြို့မရဲစခန်းက ယာဉ်(ပ)၁၇/၂၀၁၄၊ပုဒ်မ ၃၀၄-က ဖြင့် အရေးယူထားကြောင်းသိရသည်။

**ကျော်ဇေယျ**

# ကျောက်တံခါး၌ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းနှင့်မှုခင်းကျဆင်းရေးဆွေးနွေး

ကျောက်တံခါး၊ ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အတွင်း မှုခင်းကျဆင်းရေးနှင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းဆိုင်ရာများဆွေးနွေးပွဲကိုကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။



ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွှန့်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူးမြင့်နိုင်၊ ကျောက်တံခါးမြို့မ၊ ပဲနွယ်ကုန်း၊ တောကျွဲအင်းဖဒိုမြို့ချောင်းဒေသတို့မှ စခန်းမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့ဝင်များ ရပ်မိရပ်ဖများ၊ မီဒီယာအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ရဲမှူးဝင်းညွှန့်က မြို့နယ်အတွင်း မှုခင်းကျဆင်းရေး မူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေး၊ ပြည်သူ့ရဲတပ်ဖွဲ့က ဆောင်ရွက်နေမှုများ၊ ၂၀၁၄ ခုနှစ်အတွင်း မှုခင်းများဖြစ်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် နှစ်သစ်မှာ မှုခင်းများကျဆင်း ပပျောက်ရေးအတွက် မှုခင်းကြိုတင်ကာကွယ်တားဆီးနိုင်ရန် တစ်လတစ်ခါ တွေ့ဆုံ၍ ဝိုင်းဝန်းကြိုးပမ်းကူညီဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒေသစခန်းမှူးများကလည်း မှုခင်းများ လျော့နည်းပပျောက်ရေး အတွက်လိုအပ်သော ကူညီမှုများပေးပါရန်နှင့် တက်ရောက်လာသော အဖွဲ့အစည်းများကလည်း တစ်ဦးချင်း မိတ်ဆက်ခဲ့ကြသည်။

ယင်းနောက် မှုခင်းများကျဆင်းပပျောက်ရေး အတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

# ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများပြင်ဆင်ခြင်းဆိုင်ရာပညာပေးရှင်းလင်း

တမူး၊ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့တွင် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးဆန်းထူးက အခွန်အကောက်စတင်ပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့် အခွန်ဥပဒေများပြင်ဆင်ခြင်းဆိုင်ရာ ပြဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခွန်ထမ်းပြည်သူများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။


ယင်းသို့တက်ရောက်လာသူ အခွန်ထမ်းပြည်သူများက အခွန်အကောက်ဥပဒေနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းခဲ့ကြကြောင်းသိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**


## နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

၃-၁-၂၀၁၅ရက်တွင် ကျရောက်သည့် ချစ်ဖေဖေ ဦးညွှန့်သိမ်း၊ ချစ်မေမေ ဒေါ်ညွှန့်ညွှန့်သန်းတို့၏ နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာနေ့ရက်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် သား၊ သမီး၊ မြေးများနှင့်အတူ သက်ရှည်ကျန်းမာ၍ သာယာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လောကုတ္တရာတရားများ အစဉ်မပြတ်ပွားများ အားထုတ်နိုင်ပါစေ။

ချစ်သားသမီးများ - ကိုကြီး-မမိ
- ကိုလေး၊ ကိုရဲ-မီးမီး၊ ညီပု
ချစ်မြေးများ - မာန်၊ ယွန်း









# ကျေးလက်နေပြည်သူများ သန့်ရှင်းသောရေရရှိရေး စက်ရေတွင်းများတူးဖော်ဆောင်ရွက်

**သပိတ်ကျင်း၊ ဇန်နဝါရီ ၂**

သပိတ်ကျင်းမြို့နယ် ကမ်းပါးနီကျေးရွာတွင် နှစ်လက်မစက်ရေတွင်းတူးဖော်နေမှုအား ဒီဇင်ဘာ ၂၉ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းမင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာရေပေးဝေရေးကော်မတီတို့ သွားရောက်ကြည့်ရှုခဲ့ပြီး လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကို ဒေသခံပြည်သူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



၂၀၁၄-၂၀၁၅ ခုနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်း၌ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအစီအစဉ်ဖြင့် ကျေးရွာခြောက်ရွာတွင် နှစ်လက်မစက်ရေတွင်း ခြောက်တွင်းတူးဖော်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်ခဲ့သည့် FULLBISS ကုမ္ပဏီက တာဝန်ယူတူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ်းပါးနီကျေးရွာသည် လက်လုပ်လက်စားပြည်သူများ အများစုနေထိုင်ရာ ရွှေလုပ်ငန်းလုပ်ကိုင်သည့်နေရာဒေသတစ်ခုဖြစ်ပြီး အိမ်ခြေ ၁၉၇ အိမ်၊ လူဦးရေ ၈၈၃ ဦးနေထိုင်လျက်ရှိပြီး အဆိုပါစက်ရေတွင်း အောင်မြင်စွာတူးဖော်ပြီးပါက ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက နိုင်ငံနှင့်အဝန်း ဒေသအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် သီးခြားတာဝန်ပေးအပ်ပြီး အဆိုပါဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများကို မြို့နယ်အသီးသီးတွင် တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# စာသင်ဆောင်သစ် ပန္နက်တင် မင်္ဂလာကျင်းပ

**မော်လူး၊ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်စီးအောင်-ပေကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဒီဇင်ဘာ ၂၅ ရက် နံနက်က စာသင်ဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပခဲ့ကြောင်း သိရသည်။ ယခုဆောက်လုပ်မည့် စာသင်ဆောင်မှာ အလျား ၁၈၀ ပေ၊ အနံ ၂၆ ပေရှိ အုတ်ညှပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး စာသင်ဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးက ဘိလပ်မြေအိတ် ၂၀၀၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ဘိလပ်မြေအိတ် ၃၀၀ တို့ကို ပံ့ပိုးကူညီပေးခဲ့ကြောင်းသိရသည်။ ယခုဆောက်လုပ်မည့် စာသင်ဆောင်သစ်သည် အခြေခံပညာ အလယ်တန်းကျောင်းအဆင့်မှ အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်နိုင်ရန် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြစ်)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**ဒိုက်ဦး၊ ဇန်နဝါရီ ၂**

ဒိုက်ဦးမြို့နယ် အေးသုခမြို့ ကျိုက်စကော(အနောက်) ကျေးရွာအုပ်စု သာယာကုန်းကျေးရွာနှင့် ရွှေညောင်ပင်ကျေးရွာတို့၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဌေး၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ သာယာကုန်းကျေးရွာမီးလင်းရေးလုပ်ငန်းကို ကျေးရွာမှ မတည်ငွေကျပ်သိန်း ၃၀၀ နှင့် ကမ္ဘာ့ရတနာဘဏ်မှ ချေးငွေကျပ်သိန်း ၂၀၀ စုစုပေါင်းကျပ်သိန်း ၅၀၀ ဖြင့်လည်းကောင်း၊ ရွှေညောင်ပင်ကျေးရွာ မီးလင်းရေးလုပ်ငန်းတွင် ကျေးရွာမှ မတည်ငွေကျပ်သိန်း ၁၄၀ နှင့် ကမ္ဘာ့ရတနာဘဏ်မှ ချေးငွေကျပ်သိန်း ၁၆၀ စုစုပေါင်းသိန်း ၃၀၀ ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကော့သောင်းခရိုင်တွင် ကာကွယ်ဆေးအစုလိုက် ထိုးနှံခြင်းလုပ်ငန်း အသိပေးရှင်းလင်း

**ကော့သောင်း၊ ဇန်နဝါရီ ၂**

ကော့သောင်းခရိုင်အတွင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ပြုလုပ်မည့် နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း (Advocacy on Measles RubellerCampain) လုပ်ငန်း အသိပေးရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးခန်းမတွင် ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေလင်းက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း၊ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် မြို့နယ်အတွင်းရှိ အဖွဲ့အစည်းများမှ ကမ္ဘာ့ကပ်ရောဂါအသွင် မဖြစ်ပေါ်မပြန့်ပွားရေး အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် အတူတကွ ပါဝင်ပူးပေါင်းလက်တွဲဆောင်ရွက်ကြရေး ရှင်းလင်းပြောကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ပဲခူးဗိမာန်ရှင် ပညာရေးဖောင်ဒေးရှင်းမှ ထူးချွန်စွာအောင်မြင်သည့် ချို့တဲ့ကျောင်းသားများအား ဘွဲ့ရသည်အထိ ပညာသင်စရိတ်ထောက်ပံ့

**ပဲခူး၊ ဇန်နဝါရီ ၂**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ပြီး ဆက်လက်၍ ပညာမသင်ကြားနိုင်သော ကျောင်းသား၊ ကျောင်းသူခြောက်ဦးအား တက္ကသိုလ်ဘွဲ့ရသည်အထိ ပဲခူးဗိမာန်ရှင်ပညာရေး ဖောင်ဒေးရှင်းမှ ပညာသင်စရိတ်ထောက်ပံ့သည့်အခမ်းအနားကို ပဲခူးမြို့ ဗိမာန်ရှင်လူမှုရေးနှင့် နာရေးကူညီမှုအသင်းခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်သို့ ဆက်လက်မတက်ရောက်နိုင်သည့် ကျောင်းသားလေးဦး၊ ကျောင်းသူနှစ်ဦးအနက်မှ ငါးဦးကို ဗိမာန်ရှင်ပညာရေးဖောင်ဒေးရှင်းမှလည်းကောင်း၊ ကျန်တစ်ဦးကို ရွှေလက်ကမ်းပရဟိတအဖွဲ့မှလည်းကောင်း ဘွဲ့ရသည်အထိ တာဝန်ယူ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ဗိမာန်ရှင်လူမှုရေးနှင့် နာရေးကူညီမှုအသင်းအဖွဲ့ဝင်များ၊ ဗိမာန်ရှင်ပညာရေး ဖောင်ဒေးရှင်းအကျိုးတော်ဆောင်များ၊ ရန်ကုန်မြို့ ရွှေလက်ကမ်းပရဟိတအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဖောင်ဒေးရှင်းအကျိုးတော်ဆောင် ဒေါက်တာဌေးအောင်၊ ဒေါက်တာကျော်စိုး၊ ဆရာဦးအောင်မျိုးဝင်းတို့က ပညာသင်စရိတ်ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအဖွဲ့များမှ နှစ်စဉ် အလားတူ ကူညီထောက်ပံ့ပေးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်၍ ပညာပါရမီဒါနလှူဒါန်းလိုသူများမှ ဖုန်း-၀၉ ၅၃၀၀၈၇၈၊ ၀၉ ၄၂၈၂၀၂၉၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၅၈၇)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃M၊ မြေကွက်အမှတ် II ၃၊ မြေကွက်တည်နေရာ အမှတ် ၁၄-၁၆၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ဦးနန်းစိန် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကို အမည်ပေါက် ဦးနန်းစိန်နှင့် ဇနီး ဒေါ်တန်ကြင်ထွေးတို့ ကွယ်လွန်၍ တစ်ဦးတည်းသောသားဖြစ်သူ ဦးလင်(မ်)ကိုင်ချမ်(ခ)ဦးချိုနှင့် ဇနီး ဒေါ်တူးတို့ကွယ်လွန်သဖြင့် (၁)ဒေါ်သိဂီဝင်း [၁၂/အလန(နိုင်)၀၁၃၉၁၄]၊ (၂)ဦးလင်(မ်)အိန်(ဂ်)ခွန်(ခ)ဦးမြင့်လွင် [၁၂/အလန(နိုင်)၀၁၃၉၁၂]၊ (၃)ဦးလင်(မ်)အိန်(မ်)ဟွာ (ခ)ဦးမြင့်သိန်း[၁၂/အလန(နိုင်)၀၃၈၄၉၃]၊ (၄)ဦးလင်(မ်)အိန်(မ်)ဟင်း (ခ)ဦးမြင့်ခင် [၁၂/အလန(နိုင်)၀၄၀၈၈၆]တို့က မြေးများတော်စပ်ကြောင်း မှတ်ပုံတင်၊ သေစာရင်း၊ မြေငှားဂရန်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်း မရှိက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၀၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၆၇/က)၊ ၁၃-လမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးငြိမ်းအောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးငြိမ်းအောင်)ကွယ်လွန်သဖြင့် ဒေါ်မြင့်စိန် [၁၂/ဥကတ(နိုင်)၁၁၁၂၁၁]က ပိုင်ဆိုင်ကြောင်းစာချုပ် (၆၄၄၁/၁၄)ဖြင့် ရရှိပြီး ဂရန်ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်နှင့် ကိုယ်တိုင်နေခံဝန်ချက်တို့ တင်ပြ၍ ၎င်းကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၆၆/၂၀၁၄)ဖြင့် ရရှိသူ ဦးကျော်သန်းထွဋ်(ခ)စိုင်းခမ်းပန်က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၃၄၀၇/၂၀၁၄) တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ သုဒဿန(၁)လမ်း၊ အမှတ် ၃၅/ခ၊ (၂)ခန်းတွဲ၊ (၆) ထပ်တိုက်၏ (၄) ထပ်၊ (၅) လွှာ၊ (ခေါင်းရင်းခန်း)၊ အလျား×အနံ×အမြင့် ပေ(၁၂½×၅၁×၉) အကျယ်အဝန်းရှိ တိုက်ခန်းကို ကန်ထရိုက်တာထံမှ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်လှလှမြင့် [၁၂/သဃက(နိုင်)၀၂၄၉၄၈]နှင့် ဒေါ်စုစုဝင်း[၁၂/သဃက(နိုင်)၀၅၆၂၅၂]တို့ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေများက စရန်ငွေ (ကြိုတင်ပေးငွေ) တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ ဦးအောင်သူရကျော်နှင့် ဦးမြတ်သူတို့၏
လွှဲအပ်ချက်အရ

ဦးထင်ကျော် | ဒေါ်သက်လေးချို
**B.Sc, H.G.P, R.L** | **LL.B,D.B.L,D.I.L**
တရားလွှတ်တော်ရှေ့နေ (၅၃၁၅) | **WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ (၁၀၂၀၈)

**Super Top Law Firm**
အမှတ်(၁၃၈)၊ ပ ထပ်၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၅၆၈၊ ၀၉- ၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

## အများသိသာစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၄၁) နေ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကိုဦး [၁၂/တမန(နိုင်)၀၉၀၅၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိသာစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကိုဦး ပိုင် UNICORN DECORATION, RENOVATION & CONSULTING GROUP ၌ မူလက ဦးသိန်းဝင်းလှိုင် [၁၂/တမန(နိုင်)၁၀၉၇၄၇]အား ဒါရိုက်တာရာထူးဖြင့် ခန့်အပ်တာဝန်ပေးခဲ့သော်လည်း ယခုအခါမှစ၍ ၎င်းအား အဆိုပါရာထူးမှ ဖြုတ်ချ၍ တာဝန်ပေးအပ်ခြင်းမရှိဘဲ၊ လုပ်ငန်းမှ ရပ်စဲလိုက်ပြီဖြစ်ကြောင်း နောင်အနာဂတ်၌ ၎င်းအနေဖြင့် ကျွန်ုပ်မိတ်ဆွေပိုင် အထက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပါက ဖြစ်ပေါ်လာသော မည်သည့်ပြဿနာအရှုပ်အရှင်းကိုမျှ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းကိုလည်းကောင်း၊ မူလ ၎င်းတာဝန်ယူစဉ် ကာလတွင် မပြီးပြတ်သေးသော ကျွန်ုပ်မိတ်ဆွေ အကျိုးစီးပွားထိခိုက်နစ်နာမှုမရှိသည့် ကိစ္စအရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ဇင်ဦး **LL.B**၊ အထက်တန်းရှေ့နေ၊ စဉ်(၃၁၂၅၉)
အမှတ်(၂၁)၊ ပ-ထပ်၊ ခြေရင်းခန်း၊ စိတ္တသုခလမ်း၊ ကျားကွက်သစ်စံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အနောက်)၊ မြေကွက်အမှတ်(၂၁/က)၊ မြေကွက်လိပ်စာအမှတ်(၂၁/က)၊ ဇမ္ဗူသီရိအနောက် (၁)လမ်းဟုခေါ်တွင်သော (ဦးခင်မောင်) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်စာချုပ်၏ အကျယ်အဝန်း ပေ(၂၀×၆၀)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျော်ဆန်း [၁၂/ဒပန(နိုင်)၀၄၀၆၀၀]၊ ဦးသောင်းလှ [၁၂/ဒဂတ(နိုင်) ၀၄၅၃၅၄]တို့က တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းခိုင် **LL.B** ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)
အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၅၉၃၉

# အင်းတော် အလယ်ကျွန်းကျေးရွာ ကားလမ်းမကြီး စုပေါင်းပြုပြင်



**အင်းတော်၊ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာနှင့် သူရောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကားလမ်းမကြီးကို ဒီဇင်ဘာ ၃၀ ရက်က စုပေါင်းပြုပြင်ခဲ့ကြောင်း သိရသည်။

ကျေးရွာချင်းဆက် ကားလမ်းမကြီး ပြုပြင်ရာသို့ အလယ်ကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်း၊ ရာအိမ်မှူး ဦးဖိုးထော်နှင့် ဆယ်အိမ်စု ၁၄ စုတို့မှ ဒေသခံ ၁၀၀ ကျော်တို့လာရောက်ပြီး သူရောင်းကျေးရွာနှင့် အလယ်ကျွန်းကျေးရွာအကြား ရှစ်မိုင်ခန့်အတွင်းရှိ ပျက်စီးနေသည့် လမ်းပိုင်းများနှင့် လမ်းဘေးဝဲယာ ပေါက်ရောက်လျက်ရှိသော ချုံနွယ်ပေါင်းပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မိုးတွင်းကာလက ပျက်စီးယိုယွင်းခဲ့သည့် လမ်းပိုင်းများကို လမ်းအကျယ် ၁၂ ပေခန့်အထိ ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး စေတနာအလှူရှင်များကလည်း နံနက်စာထမင်းဟင်းလျာများ၊ အချိုရည်များဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ကားလမ်းမကြီးသည် အင်းတော်မြို့နယ် မော်လူး-သူရောင်း-အလယ်ကျွန်းကျေးရွာများမှတစ်ဆင့် ဗန်းမောက်မြို့နယ်နှင့် ပင်လယ်ဘူးမြို့နယ်များသို့ အလွယ်တကူ သွားလာနိုင်သော လမ်းမကြီးဖြစ်သည်။

"ဒီကျေးရွာချင်းဆက် ကားလမ်းမကြီးဟာ ကျွန်တော်တို့ကျေးရွာအတွက် အရေးပါတဲ့လမ်းမကြီးပါ။ ဒီလမ်းမကြီးကနေတစ်ဆင့် အင်းတော်မြို့နယ်၊ ဗန်းမောက်မြို့နယ်ကနေ ပင်လည်ဘူးမြို့နယ်အထိ သွားလာလို့ရပါတယ်။ ကျွန်တော်တို့ ဒေသခံတောင်သူတွေဟာ လယ်ယာလုပ်ငန်းသိမ်းပြီးတဲ့အချိန်မှာ ထော်လာဂျီတွေ၊ နွားလှည်းတွေနဲ့ စပါးနှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းတွေကို ဒီလမ်းမကြီးကနေပဲ သယ်ယူပို့ဆောင်ရပါတယ်။ လမ်းကမြေသားလမ်းဆိုတော့ မိုးရာသီရောက်ရင် လမ်းကပျက်စီးတာမို့ ကျွန်တော်တို့ရွာခံတွေ နှစ်စဉ်နှစ်တိုင်း ပြုပြင်နေကြရတာပါ။ နောက်နှစ်တွေမှာ မြေသားလမ်းကနေ ကျောက်ချောလမ်းမအဖြစ် အဆင့်မြှင့်တင်နိုင်အောင် ကြိုးစားနေပါတယ်"ဟု ကျေးရွာချင်းဆက် ကားလမ်းမကြီး စုပေါင်းပြုပြင်ရာတွင် ပါဝင်သည့် အလယ်ကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်းက ပြောသည်။

အလယ်ကျွန်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ခြောက်ရွာပါဝင်ပြီး အလယ်ကျွန်းကျေးရွာတွင် အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၇၄၇ ဦး နေထိုင်ကြသည်။ အများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

**နီတိုး**

## အ.လ.က(ခွဲ)လန်ဒါ ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာပြုလုပ်

**မြန်အောင်၊ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပဲတခွဲအုပ်စု အ. လ. က (ခွဲ) လန်ဒါကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အ. လ. က(ခွဲ) လန်ဒါ ကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်မည့်နေရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးညွှန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ ပဲတခွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှိုင်သန်းနှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်စု ရပ်မိရပ်ဖတို့က ကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာတွင် ပန္နက်ရိုက်ပေးခဲ့ကြသည်။

အ. လ. က(ခွဲ)လန်ဒါ ကျောင်းဆောင်သစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် RC တစ်ထပ် (၉၀×၃၀)ပေ ကျောင်းဆောင်သစ်ကို သစ္စာလွန်ဆေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံစာကြည့်တိုက်သင်တန်းဖွင့်လှစ်

**မိုင်းငေါ့၊ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် မိုင်းငေါ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာ (၁/၂၀၁၄) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မိုင်းငေါ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦး အမှာစကားပြောကြားခဲ့သည်။ဆက်လက်၍ မိုင်းငေါ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်း၌ဆောင်ရန် ရှောင်ရန်များကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက်မိုင်းငေါ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အလှူရှင်ငါးဦးမှလှူဒါန်းသော သုတ ရသ စာအုပ် ၅၀၀ကျော်နှင့် အလှူငွေများကိုလှူဒါန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက လက်ခံရယူခဲ့သည်။

**စိုင်းသာလှိုင်**

## မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ငါန်းမြာကျေးရွာ၌ 66-11 KV (5)MVA ဓာတ်အားခွဲရုံတည်ဆောက်ရေးဆွေးနွေး

**ငါန်းဇွန်၊ ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၅၀ ခန့်သို့ လျှပ်စစ်ဓာတ်အားပို့ပေးမည့် 66-11KV (5)MVA ဓာတ်အားခွဲရုံတည်ဆောက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ငါန်းမြာကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူက 66-11KV (5)MVA ဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာနှင့် ကုန်ကျစရိတ်များကို MMID အများပိုင်ကုမ္ပဏီက သက်ဆိုင်ရာဌာနများသို့တင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မျိုးဝင်းက တည်ဆောက်မည့် 66-11KV (5)MVA ဓာတ်အားခွဲရုံအတွက် လိုအပ်ချက်များနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းတင်ပြခဲ့သည်။


ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ 66-11KV (5)MVA ဓာတ်အားခွဲရုံတည်ဆောက်ရန် လျာထားသတ်မှတ်ထားသော မြေနေရာသုံးနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။


**သက်နောင်ဦး(ငါန်းဇွန်)**


မင်းနီခိုင်(မောင်တော) ၏
"သမီးလိမ္မာ"
ကလေးကဗျာစာအုပ်ထွက်ပြီ။





တက္ကသိုလ်ဝင်(၁၀)တန်းအင်္ဂလိပ်စာ
-မေးချင်တာမေး-မကျက်ဘဲ ဖြေနိုင်ရမယ်၊ အောင်ရမယ်
-အက်ဆေး၊ **Letter** ရေးတတ်ရမယ်။
-၂လတည်းနဲ့အောင်ကိုအောင်ရမည်။
ဖုန်း-799602032 ; 448052415
799246441 ; 5401167



# ခရစ္စမတ်နှင့်နှစ်သစ်ကူးကာလအတွင်း ချင်းပြည်နယ် သင်္ကေတ ရိဒ်ရေကန်သို့ လည်ပတ်သူများပြား



**ရိခေါဒါရ်၊ ဇန်နဝါရီ ၂**

ချင်းပြည်နယ် သင်္ကေတတစ်ခုနှင့် သဘာဝအတိုင်းဖြစ်ပေါ်နေသည့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်သို့ ယခုနှစ်ခရစ္စမတ်နှင့်နှစ်သစ်ကူးကာလအတွင်း လာရောက်လည်ပတ်သည့်ဧည့်သည်များပြားလျက်ရှိကြောင်း သိရသည်။

ရိဒ်ရေကန်သို့ လေ့လာကြည့်ရှုရန် လာရောက်လည်ပတ်သူအများစုမှာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ မီဇိုးကျောင်းသားများဖြစ်ကြပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့လည်း လာရောက်လေ့လာကြသည်။

ရိဒ်ရေကန်သည် ပင်လယ်ရေမျက်နှာပြင် အထက် ၂၉၆၆ ပေအမြင့်ရှိပြီး ခရစ္စမတ်ကာလအတွင်း ရိဒ်ရေကန်ရှိ ရေများသည် ရေနောက်ချိန်ဖြစ်သည်။ ယင်းမှာ ရိဒ်ရေကန်၏ ထူးခြားမှုလက္ခဏာတစ်ခုဖြစ်သည်။ ရေနောက်ချိန်သည် နှစ်အလိုက် ကွာခြားမှုရှိပြီး အများအားဖြင့် တစ်ပတ်၊ နှစ်ပတ်ကြာသည်အထိ ရေနောက်လေ့ရှိသည်။

'ရိဒ်ရေကန်ကို နာမည်သာကြားဖူးပြီး ဒီဒေသကိုတော့ မရောက်ဖူးသေးဘူး။ အခု ရိဒ်ရေကန်ကိုရောက်တော့ ထင်တာထက်တောင် ထူးဆန်းတယ်။ တောင်ကုန်းပေါ်မှာ အမှန်တကယ်တည်ရှိတာ အံ့သြစရာပဲ။ ရေနောက်တာကလည်း နီရဲအောင်နောက်နေတာပဲ။ ရာသီဥတုလည်း သာယာတယ်။ စိတ်လည်းချမ်းသာတယ်။ ပျော်စရာလည်း ကောင်းပါတယ်" ဟု ရိဒ်ရေကန်သို့ လေ့လာလည်ပတ်သူတစ်ဦးက ပြောသည်။

ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူ တစ်နေ့လျှင် ပျမ်းမျှ မော်တော်ကားအစီးရေ ၂၀ ကျော်ရှိကြောင်း သိရသည်။ **နိုဟေဆာ**

# လယ်ဝေးမြို့နယ်တွင် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**လယ်ဝေး၊ ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်းဆောင်သစ်များဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီက အ. လ. က (ခွဲ) မြို့မကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးတာဝန်ခံ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် နေပြည်တော်ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် ဦးခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းတို့က ကျောင်းဆောင်သစ်များအား ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပရာ တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး ကျောင်းဆောင်သစ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား 'စံဖွံ့ဖြိုး' ကုမ္ပဏီမှ ဦးဝင်းအောင်က မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဖွင့်လှစ်သည့်ကျောင်းဆောင်များမှာ အ. လ. က (ခွဲ) မြို့မတွင် ပေ ၆၀×၃၀ Steel Structure နှစ်ထပ်၊ ထိန်အင်း အ. မ. က တွင် ပေ ၆၀×၃၀ RC တစ်ထပ်၊ ရှာချောင်း အ. လ. က (ခွဲ) တွင် ပေ ၈၀×၃၀ RC တစ်ထပ် ကျောင်းဆောင်သစ်များဖြစ်ပြီး 'စံဖွံ့ဖြိုး' ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**

## ကသာမြို့နယ်၌ ခရိုင်အဆင့် ရဲလုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**ကသာ၊ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ရဲတပ်ဖွဲ့၏ ခရိုင်အဆင့်ရဲလုပ်ငန်းများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ကသာခရိုင်ရဲရိပ်သာ၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကသာခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ရွှင်က ရှင်းလင်းပြောကြားရာတွင် ကသာခရိုင်အတွင်း ဖြစ်ပွားခဲ့သော မှုခင်းအရေအတွက်နှင့် မှုခင်းအမျိုးအစား၊ ရဲတပ်ဖွဲ့၏ လုပ်ဆောင်ချက်များ၊ မှုခင်းကာကွယ်တားဆီးမှုများအတွက် လုပ်ဆောင်ပုံများကို ရှင်းပြပြီး မီဒီယာများ၏မေးခွန်းများကို ဖြေကြားခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် သတင်းထောက်အဖွဲ့ဥက္ကဋ္ဌ နိုင်ကြီး (ကသာ) က နတ်ရေတွင်းကျေးရွာတွင် သက်ငယ်မုဒိန်းကျူးလွန်သော တရားခံဖမ်းမိရန် ဆောင်ရွက်နေပုံကိုမေးမြန်းရာ ကသာမြို့မစခန်းမှူး ဒုရဲမှူးမိုးသူရိန်က ဖြေကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်လေး(ကသာ) က ကျေးရွာသူ၊ ရွာသားများ အမှုဖွင့်တိုင်ကြားရာတွင် အဆင်ပြေစေရန် မည်သို့ဆောင်ရွက်ပေးမည့်မေးခွန်းများနှင့် ကသာခရိုင်အတွင်းမှ သစ်မှောင်ခိုထုတ်ခြင်းအား မည်သို့ကာကွယ်မည့် မေးခွန်းများကို ကသာခရိုင်ရဲတပ်ဖွဲ့ ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ရွှင်က ဖြေကြားခဲ့ကြောင်း သိရသည်။ **အေးလွင်(ကသာ)**

## ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပေးရှင်းလင်း

**တမူး၊ ဇန်နဝါရီ ၂**


၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင်ဆောင်ရွက်သည့် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ကျန်းမာရေးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တမူးခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်သော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောဘိုဇော်ဝင်းက ဝက်သက်ရောဂါနှင့် ဂျိုက်တိုးရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားခဲ့သည်။


ယင်းနောက် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသိန်းနိုင်ဦးက လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။ တမူးခရိုင် ကျန်းမာရေးဦးစီးဌာန၏ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို အစီအစဉ်နှစ်ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအစီအစဉ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၁ ရက်အထိ ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ မူလတန်းကြိုကျောင်းများတွင် ဆောင်ရွက်ရန်နှင့် ဒုတိယအစီအစဉ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိ ရပ်ကွက်၊ ကျေးရွာများရှိ ကျန်းမာရေးဌာနခွဲများတွင် ကာကွယ်ဆေးထိုးစုရပ်များ ဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**





မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်)
(၁၂)ကြိမ်မြောက် ဆရာဝန်ညီလာခံ
နေ့ရက်-၉၊ ၁၀၊ ၁၁ ဇန်နဝါရီ လ၊ ၂၀၁၅ခုနှစ်
နေရာ-ငွေမိုးဟိုတယ်၊ ကမ်းနားလမ်း
မော်လမြိုင်မြို့။

- နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး
- အားကစားပြိုင်ပွဲများ
- ပါမောက္ခကြီးများ၊ အထူးကုဆရာဝန်ကြီးများ၏ ဟောပြောဆွေးနွေးပွဲ နောက်ဆုံးပေါ် ဆေးဝါးများနှင့် ဆေးပစ္စည်းပြခန်းများခင်းကျင်းပြသခြင်း။
- အဆင့်မြင့်နေ့လယ်စာ၊ ခမ်းနားကြီးကျယ်သော ညစာစားပွဲ၊ ကံစမ်းမဲအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်။
- Registration date 8/9-1-2015

မြန်ပြည်တစ်လွှား ဆရာဝန်များ ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။

**-http://www.facebook.com/groups/mmamawlamyine/**

# အင်းတော်မြို့နယ် မော်လူးဒေသ သမိုင်းဝင် ဒီပက်ရာ စေတီတော်သွားလမ်းမကြီး စုပေါင်းပြုပြင်

**မော်လူး၊ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သမိုင်းဝင် ဒီပက်ရာ စေတီတော်သို့သွားရာ လမ်းမကြီးအား ဒီဇင်ဘာ ၃၁ ရက်က စုပေါင်းပြုပြင်ကြကြောင်း သိရသည်။

မော်လူးဒေသရှိ ကိုးတိုက်နယ်၊ ဆယ်အုပ်စု၊ ကျေးရွာပေါင်း ၄၂ ရွာမှ ကိုးကွယ်လျက်ရှိသော သီရိမဟာအသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင် ဒီပက်ရာစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ ပွဲကို တပို့တွဲလဆန်း ၁၀ ရက်မှ တပို့တွဲလပြည့်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြမည့် ဘုရားဖူးများအတွက် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန်အတွက် အဆိုပါလမ်းမကြီးကို စုပေါင်းပြုပြင်နေကြခြင်း ဖြစ်သည်။

ယင်းသို့ ပြုပြင်ဆောင်ရွက်ရာတွင် ဒီပက်ရာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဖြစ်မြောက်ရေး ဂေါပကဥက္ကဋ္ဌ ဦးတင်နွယ်နှင့်အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ပွဲတော်ဖြစ်မြောက်ရေးရန်ပုံငွေမှ ကျပ်သိန်း ၂၀ မတည် အကုန်အကျခံကာ မင်းသာကျေးရွာမှ ဒီပက်ရာစေတီတော်မြတ်ကြီးအထိ ပေ ၇၀၀၀ ခန့်ကို သဲကျောက်ခင်းပြီး လမ်းအကျယ်ပေ ၂၀ အထိဖြစ်အောင် သူရောင်းကျေးရွာနှင့် ကူးကာကျေးရွာများမှ ဒေသခံစေတနာလုပ်အား အလှူရှင်များမှ စုပေါင်းပြုပြင်ကြခြင်းဖြစ်သည်။

ယင်းသမိုင်းဝင် ဒီပက်ရာစေတီတော်သို့ သွားရာလမ်းမကြီးအား ဗုဒ္ဓပူဇနိယပွဲတော်မတိုင်မီအချိန်တွင် နှစ်စဉ်ပြုပြင်မှုများ ပြုလုပ်ကြကြောင်း အမာခံကျောက်ခင်းလမ်းပြီးစီးခဲ့ပြီဖြစ်သဖြင့် ကတ္တရာခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(၀၅၈)**

# သုံးစွဲရန်နှင့် စားသုံးရန်မသင့်သော လူသုံးကုန်နှင့် စားသောက်ကုန်များ ဖျက်ဆီး



**တာချီလိတ်၊ ဇန်နဝါရီ ၂**

Mobile Team ဖမ်းဆီးမှု လေးကြိမ်မှ အများပြည်သူစားသုံးရန် မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော FDA ထောက်ခံချက်မပါရှိသော လူသုံးကုန်နှင့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးဝင်းအတွင်း ဖျက်ဆီးခဲ့ကြောင်းသိရသည်။

ယင်းသို့ ဖျက်ဆီးရာတွင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၁၈၀၀ တန်ဖိုးရှိ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်း၊ FDA ထောက်ခံချက်မပါရှိသော Wai Wai ၊ Yum Yum ၊ Lactasoy ပဲနို့၊ Mackerel ငါးသေတ္တာ၊ ဂျယ်လီ၊ YYဝေဖာ၊ ခနောမှုန့်၊ Coffee Plus၊ Coca Plus၊ Nutri Plus စားသောက်ကုန်ပစ္စည်းများအား တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံးအတွင်း၌ စနစ်တကျ ကျင်းတူးပြီး စားသောက်ကုန်များအား ဖွင့်ဖောက်ကာ ကျင်းအတွင်းသို့ လောင်းထည့်၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကြီးကြပ်မှုအဖွဲ့ မြို့နယ်အကောက်ခွန်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွန့်နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိဦးအောင်သန်းစိန် ဦးဆောင်သောအဖွဲ့စုံဖြင့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သောကုန်ပစ္စည်းများကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

# (၆၇) နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဝေါမြို့ အောင်မင်္ဂလာလမ်းကတ္တရာလမ်းသစ်ဖွင့်

**ဝေါ၊ ဇန်နဝါရီ ၂**

ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့၌ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သော အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ညိုကကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူများအား အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် မြို့နယ်စည်ပင်သာယာအရာရှိ ဦးသန့်ဇင်ဦးတို့က အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ယင်းကတ္တရာလမ်းသည် အရှည်ပေ ၅၃၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၂ ပေ ခွဲရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၈၂၈၅၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ခင်ဦးမြို့နယ် ဆီဆုံလေးကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်ရန်နှင့် ရေပေးဝေရေးကန်ဆောက်လုပ်ရန် ငွေကျပ် ၄၂သိန်း လှူဒါန်း

**ခင်ဦး၊ ဇန်နဝါရီ ၂**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ဝေဘီကျေးရွာ သဒ္ဓမ္မရောင်ခြည်ကျောင်းတိုက် ဆရာတော်ဦးသောဘိတမှ ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဆီဆုံလေးကျေးရွာ၌ အလျား ၁၈ ပေ၊ အနံ ၁၂ ပေ၊ နှစ်ထပ်၊ ဖြိုးသိဂ်ီ စာကြည့်တိုက်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၂၀ နှင့် အလျား ၁၄ ပေ၊ အနံ ၁၁ ပေ၊ အမြင့် ၁၀ ပေရှိ ကျေးရွာရေပေးဝေရေးကန်ဆောက်လုပ်ရန် ငွေကျပ် ၂၂ သိန်းကို လှူဒါန်းခဲ့သည်။

စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် မြေနေရာကို ကျေးရွာမှ အသက် ၈၃ နှစ်ရှိ ဒေါ်ခင်မိက လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာတွင် ဒီဇင်ဘာ ၂၉ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြည်ဆန်းက စာပေ၏အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးရာကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ယင်းနောက် စာကြည့်တိုက်ဆောက်လုပ်နေမှုနှင့် ရေပေးဝေရေးကန် ဆောက်လုပ်ပြီးစီးမှုတို့ကို တက်ရောက်လာသူများက ဆရာတော်နှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။ **ခင်ဦးစိုးဝေ**


# မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးမှုပြုလုပ်

**ဆိပ်ဖြူ၊ ဇန်နဝါရီ ၂**


မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ သန္ဓေတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများသည် ဒီဇင်ဘာ ၃၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင်အလယ်ပိုင်းရပ်ကွက်နေပြည်သူများ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးကပ်မီးချိတ် မီးသတ်လှေကား၊ ရေ၊ သဲများထားရှိမှုနှင့်နေအိမ်များတွင် မီးကျင်းများအသုံးပြု၍ ချက်ပြုတ်မှုရှိစေရေး၊ မီးကို စနစ်တကျသုံးစွဲစေရေးတို့ကို တစ်အိမ်တက်တစ်အိမ်ဆင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ဆောင်ပုဒ်ဖြစ်သည့် မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေးအကြံပေး၊ နွေမှာအသင့်ရှိရေးဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပေါ့ဆမီးကြောင့် ပြည်သူများ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ဆုံးရှုံးမှုမရှိစေရေးအတွက် စစ်ဆေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**





## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်၊ ဦးပိုင်အမှတ်(က/၂၅)၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ မြေကွက်အမှတ်(ခ/၄၃၁)၊ အကျယ်အဝန်း(၀. ၀၈၀)ဧကရှိ (ဂရန်)မြေကွက်သည် ဦးသန်းဝင်းအမည်ဖြင့် အမည်ပေါက်တည်ရှိပြီး လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူဒေါ်မျိုးမို့မို့[၁၂/အစန(နိုင်)၀၅၄၇၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနိုင်မင်း **LL.B**(စဉ်-၃၈၀၃၀)
အထက်တန်းရှေ့နေ
အာရှမြေ အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၇)၊ သဲဖြူကွင်းကျေးရွာ၊ ကျိုက်ခေါက်ဘုရားလမ်း၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၀၂၂၂၁၄၂၊ ၀၅၆-၂၃၁၉၅၊ ၀၅၆-၂၃၂၅၂၊ ၀၅၆-၂၃၂၅၃


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈/ဘီ-ရပ်ကွက်၊ ကမ္ဘောဇ(၂)လမ်း၊ အမှတ်(၃၅၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်-၃၅၉၊ မြေဧရိယာ(အလျားပေ၄၀×အနံပေ ၆၀)အကျယ်ရှိ ဒေါ်ထွေးထွေးအမည်ပေါက် မခွဲမစိတ်ရသေးသော အကျယ်အဝန်း(အလျားပေ၂၀×အနံပေ၆၀)အကျယ်ရှိ မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဒေါ်မို့မို့အောင် [၁၀/မလမ(နိုင်)၂၃၅၆၆၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်နုကြည်[၁၂/ဗဟန(နိုင်)၀၆၂၅၆၂]ကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဒေါ်ဝင်းဝင်းနွယ် | ဒေါ်ခင်မာမာ |
| --- | --- |
| **LL.B,101 WIPO(Geneva)** | **B.Econ, H.G.P,R.L.1, D.B.L,101WIPO(Geneva)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈) | အထက်တန်းရှေ့နေ(စဉ်-၁၄၇၁၄) |

အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၁၁၂၅၇၁၊ ၀၉-၇၃၀၃၅၆၅၈



## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကြည် (နတ်တလင်း)**

**M.B.B.S,Ph.D(Uro),(Glasgow)**

**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး**

**အသက်(၉၃)နှစ်**

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၊ ဥက္ကဋ္ဌ ဒေါက်တာမြဟန်-ဒေါ်ခင်စပယ်ကြည်တို့၏ ချစ်လှစွာသောဖခင် ဒေါက်တာဦးကြည်သည် ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)**
**အမှုဆောင်များ၊ ကချင်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ကယားပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ကရင်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ချင်းပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ မွန်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ရခိုင်ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ရှမ်းပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ တနင်္သာရီတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ နေပြည်တော်ကောင်စီမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ပဲခူးတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ မကွေးတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ ဧရာဝတီတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့**
**အမှုဆောင်များ၊ အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း**
**အမှုဆောင်များ၊ မွေးမြူရေးအစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း**
**အမှုဆောင်များ၊ မြန်မာနိုင်ငံနို့လုပ်ငန်းအသင်း**
**အမှုဆောင်များ၊ တိရစ္ဆာန်ဆေးဝါး၊ လုပ်ငန်းသုံးပစ္စည်းကိရိယာထုတ်လုပ်ရောင်းချသူများအသင်း**
**အမှုဆောင်များ၊ ဝက်မွေးမြူသူများနှင့်ထုတ်လုပ်ရောင်းချသူများအသင်း**
**အမှုဆောင်များ၊ ကျွဲနွားသိုးဆိတ်မွေးမြူသူများအသင်း**
**အမှုဆောင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့ရောင်းချသူများအသင်း**
**အမှုဆောင်များ၊ မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း**
**အမှုဆောင်များ၊ ဘဲဥကြက်ဥထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း**
**အမှုဆောင်များ၊ အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်း**
**အမှုဆောင်များ၊ မြန်မာ့မွေးမြူရေးစွမ်းအားစုများဖွံ့ဖြိုးတိုးတက်ရေးသုတေသနအသင်း**
**အမှုဆောင်များ၊ နွားနောက်မွေးမြူသူများအသင်း(ချင်းပြည်နယ်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒေါက်တာဦးကြည်**

**(နတ်တလင်း)**

**အသက်(၉၃)နှစ်**

**M.B.,B.S, Ph.D(Uro), (Glasgow)**

**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး**

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် (Fortune International.,Ltd) တို့၏ဖခင် ဒေါက်တာဦးကြည်သည် ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## ကျေးဇူးတင်ရှိခြင်း

**ဆရာကြီး ဦးဟန်ညွန့် အသက်(၇၀)**

**(B.E Mining 65' Intake RIT)**

**ကမ္ဘာ့ဌာန်းနည်းပြဆရာကြီး**

**အေးချမ်းသာဓမ္မရိပ်သာတရားစခန်း၊ သံလျင်မြို့**

၂၈-၁၂-၂၀၁၄ရက် နံနက် ၆း၁၅ နာရီတွင် ဝိပဿနာကမ္မဋ္ဌာန်းထိုင်လျက် ရှုမှတ်ရင်း ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး ဦးဟန်ညွန့်၏ ဈာပနကိစ္စအဝဝအတွက် ကူညီဆောင်ရွက်ပေးကြပါသော ယောဂီဓမ္မမိတ်ဆွေများ၊ ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေသင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်မှ ဆရာကြီး၏သားတပည့်များ၊ စံပြဖဆပလ ရပ်ကွက်မှ အဖြူရောင်အလင်းတန်း ပရဟိတအဖွဲ့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။

**မိခင်ကြီး-ဒေါ်ခင်မြင့်ဆွေနှင့်သားသမီးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖြူ(တန့်ဆည်)**

**ရွှေဟသာ ဆန်စက်၊ ဆီစက်**

**အသက်(၉၁)နှစ်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်+ဒေါ်မြင့်မြင့်သန်း ၏ မိခင်သည် ၂၇-၁၂-၂၀၁၄(စနေနေ့)နံနက်(၀၁း၁၀)နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာနိုင်ဆေးထွန်း**
**ဥက္ကဋ္ဌ**
**Loi Hein Group of Companies**

## (၆)လပြည့်အလွမ်း

**ကိုကိုနိုင်သူ(ခ)ဂေါ်ရခါး (L.L.B,D.B.L)**

သားလေး အမေ့ကို ထာဝရ နှုတ်ဆက်ခွဲခွာသွားတာ ၃-၁-၂၀၁၅ရက်တွင် (၆)လတင်းတင်းပြည့်ခဲ့ပြီးနော်။ အမေအရမ်းလွမ်းတယ် သားလေးရယ်။ မိဘနှစ်ပါးအပေါ် လုပ်ကျွေးပြုစုစောင့်ရှောက်ခဲ့တယ်နော်။ ဆရာသမားလူကြီးတွေအပေါ်မှာလည်း ရိုသေကိုင်းရှိုင်း ဂါရဝထားခဲ့တဲ့ အလိမ္မာသားလေးကို စောစီးစွာ အမေ့ရင်ထဲက ဆွဲထုတ်သွားတဲ့ ကံကြမ္မာကြီးကို အမေဘယ်လိုလုပ်ရမလဲသားရယ်။ သားရဲ့အပါကြီးကလည်း ၂၄-၇-၂၀၁၃ ရက်ကတည်းက ခွဲခွာသွားခဲ့တယ်။ အမေ့ကို ချစ်တယ်လို့ပြောပြီး သားအဖနှစ်ယောက်လုံး ထားပစ်ခဲ့တဲ့အတွက် အမေ့မှာ ရင်ကွဲမတတ် ခံစားနေရပါတယ်။

သားလေးရှိနေတဲ့ ကျိုက္ခမီစက်စဲက ကျောမခင်းဆရာတော်ကြီးထံမှာ သားလေးအတွက် ရည်စူးပြီး သင်္ကန်း၊ ဝတ္ထုငွေတို့ကို ကပ်လှူပူဇော်ခဲ့ပါသတယ်။ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ပြုလုပ်ပေးနေတဲ့ ကုသိုလ်ကောင်းမှုတွေကို ရောက်ရာအရပ်မှ သားလေး သိနိုင်ကြားနိုင်ပါစေ မြင်နိုင်ပါစေ

ရောက်ရာဘုံဘဝလေးထဲမှာ အေးချမ်းစွာ နားနေပြီး သာဓုတွေခေါ်နိုင်ပါစေ. . . .
ဖြစ်လေရာ ဘဝတိုင်းမှာ အသက်ရှည်ကျန်းမာပြီး သာသနာပြုနိုင်တဲ့သူဖြစ်ပါစေနော်. . .
သားရေ အမေ အမျှတွေ ပေးဝေပါတယ်. . .

**မေကြီး-စုမာ**
**ကိုကျော်စိုးဦး-မမေစုမောင်**
**ကိုသော်ထွန်းအောင်-မနိုင်စုမောင်**
**တူလေး(သားချစ်)**

## ဝမ်းနည်းကြေကွဲခြင်း

[illegible]

MISS UNIVERSE MYANMAR ORGANIZATION

## အထူးဝမ်းနည်းကြေကွဲခြင်း

[illegible]

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကြည် (နတ်တလင်း)**

(M.B.B.S, Ph.D(Uro),(Glasgow))

[illegible]

မောဝိထူး အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

ဗုဒ္ဓဂယာ ခရီးစဉ်
14ည 15ရက် ခရီးစဉ်
7ည 8ရက် ခရီးစဉ်

ဘန်ကောက် ခရီးစဉ်
4ည 5ရက် ခရီးစဉ်
5ည 6ရက် ခရီးစဉ်

Hot Line: 09 320 777 99

ပေါ်ဖြူလာဝတား Travel & Tours
တောင်ကြီး-အင်းလေးခရီးစဉ် Feb 11, Feb 27 Mar 26
မန္တလေး-ပြင်ဦးလွင်ခရီးစဉ် Feb 11, Feb 27 Mar 26

တို့ကျောင်းသား

ရွှေမြအောင်

George Michell

ရွှေမြအောင်

ဒေါ်သီတာဦး
LCCI I, II & III
Level III
(A) Sat-Sun 1 - 6 pm
(B) Thur-Fri 6 - 8 pm
Sun 1 - 6 pm
(C) Mon to Fri 9:30 - 12 am
Level I, II
(A) Sun 9:30 - 12 am
MYOB, Peachtree, UBS
Accounting Excel






## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၁) GRADE-4(B)မှ အဖဦးဇော်မင်း၏ သမီး မအေးချမ်းမြင့်မိုရ်အား မရင်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မရင်သူအောင်**

## ဦးကျော်မြင့်(Great Father Land Construction and Decoration) နှင့် အများသိစေရန် Royal Family Land သန်လျင်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ ခြံအမှတ်(၁၀၉) မြေပေါ်တွင် ဆောက်လုပ်ထားသော ၂၆ Royal Family Land အမည်ရှိ ရှစ်ခန်းတွဲ ခြောက်ထပ်အဆောက်အအုံနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အမည်များပါ ကျွန်ုပ်၏မိတ်ဆွေများသည် တိုက်ခန်းများအား ရေမီးအပြည့်အစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား စာချုပ်စာတမ်း အခိုင်အမာဖြင့် ကြိုတင်ငွေပေးချေ ဝယ်ယူပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအဆောက်အအုံအား စီမံခွင့်အပြည့်အဝရှိသူ ကျွန်ုပ်၏မိတ်ဆွေများ သဘောတူညီခြင်း မပါဝင်ဘဲ မည်သူကမျှ စီမံခန့်ခွဲခြင်း လက်ဝယ်ထားရှိခြင်း မရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများသည် ၎င်းတို့နှင့်အကျိုးသက်ဆိုင်၍ စီမံခန့်ခွဲခွင့်အပြည့်အဝရှိသော အဆိုပါအဆောက်အအုံအား ပြီးမြောက်သည့်တိုင်အောင် တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောက်လုပ်နိုင်ရေးအတွက် လျှောက်ထားသွားမည်ဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်စီမံမှုတို့အား ကန့်ကွက်လိုက အခွင့်ရှိသောသူသည် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ အကယ်၍ (၁၄)ရက်ထက် ကျော်လွန်ပါက ကျွန်ုပ်တို့မှ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်းနှင့် မိမိတို့၏အဆောက်အအုံအား ဥပဒေနှင့်အညီ အဆင့်ဆင့်စီမံဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း**
**အထက်တန်းရှေ့နေ (LL.B,D.B.L,D.I.L)**
**(စဉ်-၂၉၉၁၈)**
**အခန်း ၂၄၊ တိုက် ၅၂၊ ဘိုကလေးဈေးလမ်း၊ ရန်ကုန်**
**ဖုန်း-၀၉-၄၉၃၀၈၇၃၉၊ ၀၉-၄၀၂၅၄၄၄၃၉**

**လွှဲအပ်ညွှန်ကြားသူများ**

| | |
|---|---|
| ၁။ ဦးအောင်ကျော်ဇော[၁၂/မဂဒ(နိုင်)၀၀၂၀၆၁] | အခန်း(2F1+2F4) |
| ၂။ ဒေါ်ဆွေဆွေဝင်း[၁၂/တမန(နိုင်)၁၀၂၁၇၃] | အခန်း(T1+T4) |
| ၃။ ဒေါ်နန်းမွေ[၁၃/ကတန(နိုင်)၀၂၅၂၄၇] | အခန်း(2F2) |
| ၄။ ဒေါ်မာစူဆင်း[၁၃/ကတန(ဧည့်)၀၀၀၀၆၂] | အခန်း(2F3) |
| ၅။ ဦးခင်မောင်ဝင်း[၁၂/လမတ(နိုင်)၀၂၀၈၆၈] | အခန်း(S1) |
| ၆။ ဒေါ်ယမင်းစိုး[၉/မထလ(နိုင်)၂၃၀၀၉၀] | အခန်း(FO3) |
| ၇။ ဒေါ်အောင်ဆည်းဆာ[၁၂/အစန(နိုင်)၁၇၅၂၀၂] | အခန်း(T1+T4) |
| ၈။ ဒေါ်ဆွေဆွေမြင့်[၁၂/သဃက(နိုင်)၁၁၅၀၆၄] | အခန်း(T3) |
| ၉။ ဒေါ်မြင့်မြင့်စိန်[၁၂/ပဇတ(နိုင်)၀၁၂၉၆၆] | အခန်း(T2+T3) |
| ၁၀။ ဦးတင့်နိုင်ဦး[၁၂/သလန(နိုင်)၀၀၉၁၇၉] | အခန်း(2S4) |
| ၁၁။ ဦးသန်းထွန်း[၁၂/စခန(နိုင်)၀၃၅၁၄၈] | အခန်း(FO 1,2,3,4) |
| | အခန်း(Fi 1,2,3,4) |
| | အခန်း(Fi 1,2,3,4) |
| | 6th Floor Penthouse |

## Dream ကိုရီးယားဘာသာ

အရေး၊ အဖတ်၊ အပြောသင်တန်း

**E.P.S Topik** ဖြေဆိုမည့်သူများအတွက်

အခြေခံတန်းခွဲသစ်ကို ၅-၁-၂၀၁၅ ရက်တွင် ဖွင့်လှစ်ပါမည်။ အလုပ်ချိန်ပြင်ပတန်းခွဲများလည်းရှိပါသည်။ (စနေ၊ တနင်္ဂနွေ) ကိုရီးယားဆရာကိုယ်တိုင်သင်ကြားသော စကားပြောသင်တန်းရှိပါသည်။
အမှတ်-12A, D2 သမိုင်းလမ်းဆုံ၊ အင်းစိန်လမ်း၊ ကုလားကျောင်းမှတ်တိုင်ရှေ့၊

**ဖုန်း-၀၉-၃၃၂၁၆၀၃၁၊ ၀၉-၂၅၀၂၆၆၁၇၁၊ ၀၁-၆၅၀၁၅၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဦးစံကြည်[၇/ကဝန(နိုင်)၀၅၂၄၇၀] (ဒေါ်ကြည်ကြည်ငွေး)[၇/ကဝန(နိုင်)၀၅၂၄၂၀]တို့၏သမီး မသက်သက်ဝေ [၇/ကဝန(နိုင်)၁၁၂၄၃၉]သည် မိဘဆွေမျိုးများ၏ဆုံးမစကားကို လုံးဝမနာခံဘဲ သူမ၏ဆန္ဒသဘောအလျောက် ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ သူမနှင့်ပတ်သက်သော ကိစ္စမှန်သမျှ(လုံးဝ)တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးစံကြည်[၇/ကဝန(နိုင်)၀၅၂၄၇၀]**

## အရောင်း(မြေညီ+ပထပ်)

**သိန်းသုံးထောင် ပေ(၁၅ × ၅၀)**
**ကျိုက္ကဆံလမ်းမကြီး**
**ဖုန်း-၀၉-၇၉၆၅၇၂၈၁၈**
**၀၉-၂၅၃၃၀၆၄၈၁**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၆၇ နှင့် ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀၉ ။

ဒေါက်တာတင်အေး နှင့် ၁။ ဦးမျိုးလွင်
၂။ ဒေါ်ခင်အေးပို

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အမှတ်-၄၁၀၊ အောင်စေတနာ(ဘီ)အုပ်စု၊ ၆ လမ်းထောင့်၊ အဝေရာလမ်းပေါ်၊ မကွေးမြို့(ယခုနေရပ်လိပ်စာမသိ)ဒေါ်ခင်အေးပို သိစေရမည်။

၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၆၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းတရားရုံး**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စီးပွားရေး၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ)။

(၂) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဇီဝဗေဒ၊ စာရင်းအင်းပညာ၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ မိုးလေဝသ၊ ဇလဗေဒ)။

(၃) **ဥပဒေဘွဲ့**။

(၄) **နိုင်ငံခြားဘာသာဘွဲ့များ** (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း နှင့် အခြားနိုင်ငံခြားဘာသာစကားဆိုင်ရာဘွဲ့များ)။

(၅) **အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာဘွဲ့များ** (ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၆) **စီးပွားရေးဘွဲ့များ** (ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ ဝါဏိဇ္ဇဗေဒ၊ စီးပွားရေးစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု)။

(၇) **ကွန်ပျူတာဘွဲ့များ** (ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာ)။

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိလည်းကောင်းလျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်း ခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ် အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကိုသွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# အရှည်အချင်းမြင့်မားသော စွမ်းရည်ပြည့်ဝသည့် လူသားအရင်းအမြစ်အသစ်များ ပြုစုပျိုးထောင်ပေးရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရသေ့တောင်မြို့၊ စစ်တွေမြို့၊ မြောက်ဦးမြို့၊ ကျောက်တော်မြို့၊ သံတွဲမြို့များသို့ သွားရောက်ပြီး အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီက ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပညာရေးဖောင်ဒေးရှင်းများအား အလှူငွေနှင့် ဗလာစာအုပ်များ လှူဒါန်းခြင်း အကူအညီလိုအပ်လျက်ရှိသူများအား အနွေးစောင်များ လှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ဒီဇင်ဘာ ၃၀ ရက်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် **စာမျက်နှာ ၈ ကော်လံ ၁ သို့❖**

# လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်နေ့တွင် နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်ရှေ့ ဥပစာ၌ ကျင်းပမည်ဖြစ်သည်။ လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်အလံတင်အခမ်းအနားနှင့်အတူ နှစ်ပေါင်း (၅၀) ကြာ တိမ်မြုပ်နေသည့် မြန်မာနိုင်ငံ၏ ကောင်းမြတ်သော အစဉ်အလာတစ်ခုကို ပြန်လည်ဖော်ထုတ်ပြသသည့်အနေဖြင့် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီခွဲမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ(ရေဒီယို)တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယနေ့ မာတိကာ

အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ယာယီ တစ်နှစ်ထုတ်ပေးလျက်ရှိ

စာမျက်နှာ - ၂

ဂျပန်ကလေးမွေးဖွားနှုန်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိ

စာမျက်နှာ - ၄

# မဟာရန်ကုန်မြို့ပြမဟာဗျူဟာစီမံကိန်းအရ လေထုအရည်အသွေး စောင့်ကြည့်လေ့လာရန်နေရာများ ရွေးချယ်ထား

## လေထုညစ်ညမ်းမှုတိုင်းတာရေး စက်လေးလုံး ပြည်ပမှမှာယူထားပြီး ယခုလကုန်တွင် ရောက်ရှိဆောင်ရွက်နိုင်မည်ဟု သိရ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းရေးဆွဲသည့် မဟာရန်ကုန်မြို့ပြမဟာဗျူဟာစီမံကိန်းအရ ရန်ကုန်မြို့ပြ၏ လေထုအရည်အသွေး စောင့်ကြည့်လေ့လာရန် နေရာများရွေးချယ်ထားပြီး လေထုညစ်ညမ်းမှုကို တိုင်းတာဆောင်ရွက်မည့် စက်လေးလုံးကို ပြည်ပမှ မှာယူထားရာ ယခုဇန်နဝါရီလကုန်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့❒**



# ရှမ်းပြည်နယ်အတွင်း၌ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်



'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့မြို့မ ရပ်ကွက်တွင် ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက စိုင်းကျော်ညွန့် ဦးဆောင်သော မြို့ပေါ်ရပ်ကွက်များမှ ဒေသခံရှမ်းတိုင်းရင်းသား အင်အား ၁၀၇၀ ဖြင့်လည်းကောင်း၊ တောင်ကြီးမြို့တွင် ပအိုဝ်းတိုင်းရင်းသားများ၏ ဆန္ဒထုတ်ဖော်ပွဲကို ဦးခွန်တင်ထွဋ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသား အင်အား ၂၀၀၀ ခန့်ဖြင့်လည်းကောင်း၊ နမ့်ဆန်မြို့တွင် လူထုကိုယ်စားလှယ် ဦးဘသောင်းခေါင်းဆောင်၍ ပလောင်တိုင်းရင်းသားအင်အား ၁၁၀၀ ခန့်တို့က လည်းကောင်း တောင်းဆိုချက်များ ပါဝင်သော လက်ကိုင်ပိုစတာများကို ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ **စာမျက်နှာ ၇ ကော်လံ ၄ သို့✳**

Happy New Year 2015

SUPER POWER ELECTRIC INDUSTRY CO., LTD

KEYSTONE CABLE hager TERASAKI socomec Superior Leo OSRAM RTR LAPP CABLE WIREMAN WALSH LVTECH

Tel: 01 552594, 558386, 558422 Email: spowercompany@gmail.com www.facebook.com/spmyanmar

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ